၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.828, August 21, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ သမတဦးသိန်းစိန်တွေ့ဆုံဆွေးနွေး

**VOA । ဩဂုတ်လ ၁၉ ॥** ॥ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့ ဒီကနေ့ တွေ့ဆုံတာဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းရဲ့ခြေလှမ်း အစဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ NLD ရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ သတင်းစာဆရာကြီးဦးဝင်းတင်က သုံးသပ်ပါတယ်။နေပြည်တော်မှာကျင်းပတဲ့ စီးပွားရေးနဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ဖို့နေပြည်တော်ရောက်နေတဲ့ ဒေါ်အောင် ဆန်းစုကြည်ဟာ ဒီကနေ့မွန်းလွဲပိုင်းကပဲ သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ဒီသတင်းအပြည့်စုံကို မသင်းသီရိက တင်ပြထားပါတယ်။

နေပြည်တော်ကိုရောက်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန်တို့ဟာ ဒီကနေ့ ဩဂုတ်လ ၁၉ ရက် သောကြာနေ့မွန်းလွဲပိုင်းက နေပြည်တော်မှာရှိတဲ့ နိုင်ငံတော်ညေ့်ဂေဟာမှာ တွေ့ဆုံခဲ့ပါတယ်။ နေပြည်တော်မှာဒီကနေ့စတင်ကျင်းပနေတဲ့ စီးပွားရေးနဲ့ဖွံ့ဖြိုးမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲမတိုင်ခင် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံကြတာဖြစ်ပြီး ဘယ်လိုအကြောင်းအရာတွေ ပြောဆိုဖြစ်တယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန်တို့ အခုတွေ့ ကြတာဟာ အားလုံးတောင်းဆိုနေတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းရဲ့ ခြေလှမ်းအစဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရဲ့ခေါင်းဆောင်တဦးဖြစ်တဲ့သတင်းစာဆရာကြီးဦးဝင်းတင်ကသုံးသပ်ပါတယ်။

"နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ လမ်းကြောင်းပေါ်မှာ ခြေလှမ်းစနေပြီလို့ ကျနော်တို့ ယူဆရတယ်။ ဆက်လက်ပြီးတော့ ဒီခြေလှမ်းတွေဟာ ဆက်လှမ်းသွားရမှာပဲ။ အဲဒီ သမ္မတနဲ့တွေ့ဆုံခြင်းဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲလမ်းကြောင်းရဲ့ အစိတ်အပိုင်း တပိုင်းဖြစ်တယ်လို့ ကျနော်တို့ပြောလို့ရပါတယ်။ အဲဒီတော့ ကျနော်တို့ ယူဆတာကတော့ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက်ကို ကျနော်တို့က ကြိုးပမ်းနေတာ။ အဲဒီလိုကြိုးပမ်းနေတော့ ကျနော်တို့က အဲဒီကြိုးပမ်းခြင်းရဲ့အစိတ်အပိုင်း တခုဖြစ်လာလိမ့်မယ်လို့ ကျနော်တို့ယူဆတယ်။ သူတို့ကတော့ ဒီလိုတွေ့ ဆုံခြင်းဟာ သူတို့ရဲ့ နိုင်ငံရေးအစိတ်အပိုင်း တပိုင်းဖြစ်တယ်လို့ဆိုရင် အဲဒါ သူတို့ရဲ့ကိစ္စပဲ။ ကျနော်တို့နဲ့ သိပ်မဆိုင်ဘူး။ကျနော် တို့ကတော့ အကျဉ်းသားများ လွှတ်ပေးမယ်ဆိုရင် ဒါဟာ ကောင်းတယ်လို့ကျနော်ကထင်တယ်။ ဆိုပါတော့တိုင်းရင်းသားများနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ကြဖို့အတွက်ညှိနှိုင်းမယ်။ ဒါလဲ ကောင်းတာပဲလို့ ယူဆပါတယ်။ အလားတူပဲ ပြည်တွင်းမှာရှိနေတဲ့ လယ်သမားကိစ္စတို့ ဘာတို့နဲ့ပတ်သက် ပြီးတော့ အရေးယူဆောင်ရွက်မှုတွေလုပ်မယ်ဆိုရင်လဲ ကောင်းတယ်လို့ယူဆတယ်။ အဲဒါတွေက ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အစိတ်အပိုင်းတပိုင်းစီကိစ္စတွေဖြစ်တယ်လို့ ကျနော်တို့ယူဆပါတယ်။"

ဒီလိုနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းတွေစပေါ်လာတာဟာပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အရင်တွေ့ဆုံမှုတွေရဲ့ နောက်ဆက်တွဲ အောင်မြင်လာတဲ့ အစိတ်အပိုင်းဖြစ်တယ်လို့လည်း ဦးဝင်းတင်က မြင်ပါတယ်။

"ဦးအောင်ကြည်က တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်တယ်ဆိုတဲ့သဘောမျိုးနဲ့လုပ်ခဲ့တာ ၁၀ ကြိမ်လုပ်ခဲ့တယ်။ အဲဒီ ၁၀ ကြိမ်မှာ ဦးသန်းရွှေကပြောလိုက်တဲ့ မှာလိုက်တဲ့စကားတွေကို ဒေါ်အောင်ဆန်းစုကြည်

**စာမျက်နှာ ၅ သို့**

**ဦးအောင်ကြည်နဲ့ တွေ့ဆုံပွဲအကြောင်း ဒေါ်စုကို အမေရိကန် အရာရှိ မေးမြန်း** — စာမျက်နှာ ၃
**ပြည်ပရောက် မြန်မာ နိုင်ငံသားအားလုံး ပြန်လာရန် သမတ ဦးသိန်းစိန်ပြော** — စာမျက်နှာ ၄
**ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ ချုပ်အဖွဲ့ ဝင်တွေ ပဲခူးတိုင်းအတွက် ကူညီ** — စာမျက်နှာ ၇
**စီးပွားရေးလုပ်ငန်းရှင်များနှင့် နေပြည်တော်တွင် သမတ ဦးသိန်းစိန်တွေ့ ဆုံ** — စာမျက်နှာ ၁၂
**ကုလစုံစမ်းရေး ကော်မရှင်ဖြစ်ပေါ်ရေး ဥရောပရောက် မြန်မာများထောက်ခံ** — စာမျက်နှာ ၁၅
**ငြိမ်းချမ်းရေးဆွေးနွေးကြရန်ကမ်းလှမ်းချက် သမတဦးသိန်းစိန် ထုတ်ပြန်** — စာမျက်နှာ ၁၉

VOB
အာဘော်

# မျှော်လင့်ကြီးစွာဖြင့် လူထုကြီး အားတက်

နှစ်ပေါင်းများစွာ ပြည်သူလူထုမျှော်လင့်တောင်းတနေသည့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးရောင်ခြည် သန်းလာလေပြီလောဟု မျှော်လင့်ကြီးစွာဖြင့် များစွာအားတက်မိသည်။ စစ်တပ်နှင့်ပြည်သူ၊ အာဏာရှင်နှင့် အတိုက်အခံအင်အားစုများသည် လုံးဝစကားပြော၍မရနိုင်အောင် ဆန့်ကျင်ဘက်ဖြစ်ခဲ့ရာမှ ယနေ့ ဒီမိုကရေစီခေါင်းဆောင်၊ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် သမတဦးသိန်းစိန်တို့ တိုင်းပြည်ရှေ့ရေး ဆွေးနွေးပွဲစတင်လေပြီ။

ဦးသိန်းစိန်၏ အစိုးရတက်လာပြီးနောက် အစိုးရဝန်ကြီးဦးအောင်ကြည်နှင့် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ကြိမ်စတင်တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ယခုလို သမတကြီးဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်မှာ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးအတွက် မျှော်လင့်ကြီးစွာဖြင့် ပြည်သူလူထုကြီး အားတက်ကြရမည်မှာ သေချာသည်။ မည်သည့်အကြောင်းအရာတွေ ဆွေးနွေးကြသည်ကို မသိနိုင်ကြသေးပေမယ့် ယခုလို ခေါင်းဆောင်ကြီးနှစ်ဦးတွေ့ဆုံစကားပြောကြသည်ဆိုသည်မှာ တိုင်းရေးပြည်ရာမှလွဲ၍အခြားမဖြစ်နိုင်ဟု ယုံကြည်သည်။ တိုင်းပြည်တိုးတက်ရေး၊ ပြည်သူလူထု ဆင်းရဲတွင်းမှကယ်တင်ရေး စီးပွားရေးတိုးတက်ရေးစသည်တို့အတွက် ကြိုးပမ်းမည်ဟု တွင်တွင်ပြောဆိုနေသော သမတကြီးဦးသိန်းစိန်နှင့် တိုင်းပြည်စည်ပင်သာယာဝပြောရေး လူထုကောင်းစားရေး ဘဝတခုလုံးမြှုပ်နှံကြိုးစားလုပ်ကိုင်နေသော နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင်၊ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးကြခြင်းသည် အခြားအကြောင်းအရာမဖြစ်နိုင်ဟု ယုံကြည်ခြင်းဖြစ်သည်။

သို့သော် သမတကြီးဦးသိန်းစိန်၏နောက်ကွယ်တွင် တပ်ချုပ်ကြီးရှိနေသေးသည်မှာ အားလုံးအသိဖြစ်သည်။ ဖိအားမျိုးစုံခံနေရသော လက်ရှိအစိုးရ၏အကြပ်အတည်းတွေအတွက် သက်သာစေရန် ရည်ရွယ် သည်လည်းဖြစ်နိုင်ပေသည်၊ တိုင်းပြည် စီးပွားရေးချွတ်ချုံကျနေချိန်တွင် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးရေးကိစ္စ၊ ဒေါ်လာငွေလဲနှုန်းကိစ္စ၊ ကျပ်ငွေမာဖြစ်ရေး နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့မှ ကူညီဆောင်ရွက်ရန်ကိစ္စ၊ အာဆီယံဥက္ကဋ္ဌရာထူး ရရေးမရရေးကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်တွင်းစစ်ဖြစ်နေရမှု၊ ဗိုလ်ချုပ်ကြီးများ အထူးစုံရိမ်ထိတ်လန့်နေသည်မှာ နိုင်ငံတကာစုံးစမ်းစစ်ဆေးရေးကော်မတီမှာ လာရောက်စုံစမ်းစစ်ဆေးမည့်ကိစ္စဖြစ်သည်။

ဤသနာများသည် ဗိုလ်ချုပ်ကြီးများ ငါ့လမ်း ငါလျှောက် ခြောက်ထဲရောက်ရောက် လမ်းစဉ်ကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများဖြစ်သည်။ ဤပြဿနာ အားလုံးပြေလည်မှသာလျှင် ပြည်တွင်းငြိမ်းချမ်းရေးရမည်ဖြစ်သည်၊ တိုင်းပြည်တွင်း ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်မည်ဖြစ်သည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် သမတကြီးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးလျှင် ဤပြဿနာအားလုံး အမြန်ဆုံးပြေလည်သွားနိုင်သည်ဟု အလေးအနက်ယုံကြည်သည်။

# တယောက်ချင်းစီမှာ ဇောက်ချပြီးတော့ ဘဝပေးပြီးတော့ နိုင်ငံရေးမှာလုပ်နိုင်ရမယ်

ပဲခူးမြို့အောင်ဆန်းဂျာမွန်းစာဖတ်ခန်းဖွင့်ပွဲတွင်ဒေါ်အောင်ဆန်းစုကြည် မှ ပြည်သူလူထုထံသို့ အသိပေး ပြောကြားခဲ့သော စကားများ (၁၄-၈-၂၀၁၁)

"ကျမ ပဲခူးကို တခေါက်လာတုန်းက အဲဒီတုန်းက ကျွှမ်ာ့ ဘောလုံးပွဲနောက်ဆုံးနေ့ဖြစ်တယ်။ အဲဒီနေ့မှာတောင်မှ ပဲခူးကမြို့သူမြို့သားတွေက ထွက်ပြီးတော့ ကြိုကြတာ၊ အဲဒီတုန်းက ဘာဘ ဦးတင်ဦးက မေးတယ်။ ဘောလုံးပွဲမကြည့်ဘူးလားလို့ မေးတယ်ဆိုတော့ ပြန်ဖြေတာက ဘောလုံးပွဲကတဲ့ ၄ နှစ်တခါ ကြည့်ရတယ်တဲ့ ကျမလာတာက ၁၁ နှစ်မှ တခါလာတာတဲ့"

မျှော်လင့်ချက်နဲ့ ထောက်ခံတယ်ဆိုတော့ ကျမတို့ကလည်း ကိုယ့်တာဝန် ကိုယ်ကျေရမယ်ဆိုတာ ကျမတို့ အများကြီးနားလည်ပါတယ်"

"နိုင်ငံရေးဆိုတာ ဘာလဲဆိုတော့ ကိုယ့်နိုင်ငံကိုတိုးတက်အောင် အေးချမ်းအောင်လို့ တည်ငြိမ်အောင်လို့ ညီညွတ်အောင်လို့ ဒါမှသာ နိုင်ငံရေးခေါ်တယ် အဲဒီတော့ နိုင်ငံရေးဟာ နိုင်ငံရေးပဲ နိုင်ငံရေးကို ရှေ့ထားပြီးတော့ ကျမတို့လုပ်နိုင်ရမယ်၊ အမှန်ပြောရမယ်ဆိုရင် နိုင်ငံသူနိုင်ငံသားအားလုံး တယောက်ချင်း တယောက်ချင်းစီမှာ ဇောက်ချပြီးတော့ ဘဝပေးပြီးတော့ နိုင်ငံရေးမှာ လုပ်နိုင်ရမယ်"

"ကျမတို့နိုင်ငံမှာ ပြောပြောနေတယ်၊ ဝန်ထမ်းတွေလိုတယ်၊ ကျောင်းဆရာဆရာမတွေလိုတယ်၊ ဆရာဝန်တွေလိုတယ်အမျိုးမျိုးပေ့ါ၊ အဲဒီတော့ လိုအပ်ချက်တွေက အများကြီးရှိတဲ့အခါကျတော့ လူတိုင်းလူတိုင်းက အချိန်ပြည့် နိုင်ငံရေးလုပ်ရမယ်လို့ မဆိုလိုဘူး"

"နိုင်ငံရေးလုပ်တယ်ဆိုတာဟာ အဓိက ရည်ရွယ်ချက်ကတော့ ပြည်သူတွေ ကိုယ်စားပြုတဲ့ ပြည်သူလူထု မျှော်လင့်ချက်တွေကို အကောင်အထည်ဖေါ်ဖို့လိုပါတယ် အဲဒီတော့ နိုင်ငံရေးလုပ်တယ်ဆိုတာဟာ အလုပ်နဲ့တာဝန်နဲ့လည်းတွဲရမယ်၊ ပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်၊ ပြည်သူတွေတာဝန်သိမှ ကိုယ်လိုချင်တဲ့ ကိစ္စတခုကိုပုံစံဖေါ်နိုင်မှာ၊ ကိုယ်က တာဝန်မယူဘဲနဲ့ ငါတို့လုပ်ချင်တဲ့ ပုံစံမဖြစ်ဘူးအဲဒီလိုပြောလို့မရဘူး၊ ကိုယ်ဖြစ်ချင်တဲ့ပုံစံကို ရအောင်လို့ ကျမ တိုက်တွန်းချင်တယ်"။

"ကျွန်မပဲခူးကိုဝင်လာတဲ့အခါမှာ ကျွန်မရဲ့အင်မတန်မှစိတ်ချမ်းသာစရာတစ်ခုက ဘာလဲဆိုတော့ အခုကျွန်မ တို့ကို လာပြီးတော့ ထောက်ခံ အားပေးတဲ့ လူအုပ်တွေထဲမှာ လူငယ်တွေ အင်မတန်များတယ်။ ဒါကျွန်မတို့တိုင်းပြည်ရဲ့ အနာဂတ်အတွက် အန်မတင်ကောင်းပါတယ် လူငယ်တွေဟာ ကိုယ့်တိုင်းပြည်ရဲ့ အနာဂတ်မှာ

စာမျက်နှာ ၃ သို့

# ဦးအောင်ကြည်နဲ့ တွေ့ဆုံပွဲအကြောင်း ဒေါ်စုကို အမေရိကန်အရာရှိ မေးမြန်း

**RFA ၊ ဩဂုတ်လ ၁၇ ။** ။ အမေရိကန် အထက်လွှတ်တော်အမတ် John Kerry ရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လက်ထောက်အရာရှိ Mr. Atman Trivedi နဲ့ ရန်ကုန်မြို့ အမေရိကန်သံရုံး ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို တက္ကသိုလ်ရိပ်သာလမ်းနေအိမ်မှာ ဒီကနေ့မွန်းလွဲပိုင်းကသွားရောက်တွေ့ဆုံပါတယ်။

ပဲခူးခရီးစဉ် အောင်မြင်တာနဲ့ပတ်သက်ပြီး သဘောကျ ကျေနပ်တယ်ဆိုတဲ့အကြောင်း၊ မှတ်ပုံတင်မည့်ကိစ္စ၊ ရွေးကောက်ပွဲဝင်မည့် အလားအလာ ဘယ်လိုရှိတယ်ဆိုတဲ့အကြောင်းများကို မေးမြန်းသွားခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးအဖွဲ့မှူးဦးဝင်းထိန်က RFA ကို ပြောပါတယ်။

Mr. Atman Trivedi နဲ့ အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့မတွေ့ခင် နာရီပိုင်းက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ ခေါင်းဆောင်တွေကို NLD ရုံးချုပ်မှာ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာ Mr. Trivedi က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီး ဦးအောင်ကြည်တွေ့ဆုံမှုနဲ့ပတ်သက်လို့ ဘယ်လောက် မျှော်မှန်းထားသလဲဆိုတာကိုလည်း မေးမြန်းတယ်လို့ဆိုပါတယ်။

Mr. Trivedi နဲ့အဖွဲ့ဟာ မနက်ပိုင်းကလည်း တခြားနိုင်ငံရေးပါတီခေါင်းဆောင်တချို့နဲ့ တွေ့ခဲ့တယ်လို့ သိရပါတယ်။

အဲဒီတွေ့ဆုံပွဲမှာတော့ Mr. Atman Trivedi က ပြီးခဲ့တဲ့ ရွေးကောက်ပွဲက အခြေအနေတွေ၊ ပါတီတွေနဲ့ အစိုးရရဲ့ လက်ရှိလုပ်ဆောင်နေမှုတွေကို မေးမြန်းခဲ့တယ်လို့ ဒီမိုကရက်တစ်ပါတီမြန်မာပြည်ဥက္ကဋ္ဌ ဦးသုဝေက ပြောပါတယ်။

အထက်လွှတ်တော် အမတ် John Kerry ရဲ့ အကြံပေး ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သူ့အနေနဲ့ အရှေ့တောင်အာရှကို အတော်လေး လေ့လာခဲ့ဖူးကြောင်း၊ လက်ရှိအခြေအနေကို အထက်လွှတ်တော်အမတ် John Kerry က သိရှိလိုကြောင်း၊ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ရှိခဲ့တဲ့ အခက်အခဲ၊အခုအခြေအနေတွေပြောင်းလဲမှုရှိမရှိ၊အစိုးရရဲ့ဆောင်ရွက်မှုတွေနဲ့ အထူးသဖြင့် လူမျိုးစုပါတီများကို လာမည့်လွှတ်တော်မှာအဆိုပြုမည့် အကြောင်းအရာတွေကို မေးမြန်းခဲ့တယ်လို့ ဦးသုဝေက ပြောပါတယ်။

ဒီမိုကရေစီ မိတ်ဆွေပါတီများအဖွဲ့အနေနဲ့ အမေရိကန်ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံပွဲမှာ တင်ပြဖို့အတွက် ကြိုတင်ရေးဆွဲထားတဲ့ စာတမ်းတစ်စောင်ကို တင်ပြဆွေးနွေးခဲ့တယ်လို့ဆိုပါတယ်။ အဲဒီစာတမ်းမှာ မိတ်ဆွေပါတီများကိုဖွဲ့စည်းပြီး အစိုးရနဲ့တကွ နိုင်ငံတကာကို တိုက်တွန်းဆောင်ရွက်ချက်တွေအကြောင်း ပြုစုရေးသားထားတယ်လို့ ဆိုပါတယ်။ ဒီစာတမ်းအရ မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုတွေ ရုတ်သိမ်းဖို့ တိုက်တွန်းခဲ့တယ်လို့ ဦးသုဝေက ပြောပါ တယ်။

အမေရိကန်ကိုယ်စားလှယ်တွေကလည်း နိုင်ငံအတွက် အသိပညာပေးရေး ကိစ္စတွေမှာ ဝိုင်းဝန်း ကူညီပေးမဲ့ အကြောင်း ပါတီခေါင်းဆောင်တွေကို ပြောကြားခဲ့တယ်လို့ဆိုပါတယ်။

အမေရိကန် အထက်လွှတ်တော် အမတ်ရဲ့ကိုယ်စားလှယ်တွေနဲ့ နိုင်ငံရေးပါတီတွေရဲ့ ဒီကနေ့တွေ့ဆုံပွဲကို ဒီမိုကရေစီမဟာမိတ်ပါတီများအဖွဲ့က ပါတီခေါင်းဆောင် ၈ ဦး နဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက ခေါင်းဆောင်တစ်ဦးတက်ရောက်ခဲ့တယ်လို့သိရပါတယ်။

ဒီအတောအတွင်းမှာပဲ ထိုင်ဝမ်နိုင်ငံ အတိုက်အခံပါတီဖြစ်တဲ့ Democratic Progressive Party က အမျိုးသမီးတဦးနဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်ကို မနေ့ကသွားရောက်တွေ့ဆုံခဲ့ပါတယ်။

အဲဒီတွေ့ဆုံပွဲမှာ ထိုင်ဝမ် အတိုက်အခံပါတီ ဥက္ကဋ္ဌ Ms Tsai Ing-wen ကို ဒေါ်အောင်ဆန်းစုကြည်က ချီးကျူးစကား ပြောဆိုတယ်လို့ သိရပါတယ်။ Ms. Tsai Ing-wen ဟာ ၂၀၁၂ ဇန်နဝါရီမှာ ကျင်းပမည့် ထိုင်ဝမ်နိုင်ငံ သမ္မတရွေးကောက်ပွဲ ဝင်ဖို့ ပြင်ဆင်နေသူ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၂၂ မှ**

စိတ်ဝင်စားရမယ် ကိုယ့်တိုင်းပြည် ဘာဖြစ်မယ်ဆိုတာကိုကိုယ်ကနေသိချင်တဲ့ စိတ်ရှိရမယ် ကိုယ့်တိုင်းပြည်ကို ကိုယ်လိုချင်တဲ့လမ်းပေါ်ကို တင်ပေးချင်တဲ့ စိတ်ရှိရမယ် ငါတို့ တင်ပေးလို့ရတယ် ဆိုတဲ့ ယုံကြည်မှုရှိရမယ်။"

"အဲဒီလိုလူငယ်တွေကို တွေ့ရတဲ့အခါ ကျတော့ ကျွန်မအင်မတန်မှအားတတ်တယ် ဒီတော့ ကျွန်မလူကြီးတွေကို တန်ဖိုးမထားဘူးလို့လား မဟုတ်ဘူး အင်မတန်မှ တန်ဖိုးထားတယ်ဒါပေမဲ့ လက်တွေ့ကျကျ ပြောရမယ်ဆိုရင် လူငယ်တွေမှာ အချိန်တွေ အများကြီးရှိတယ်၊ ရှေ့မှာ လူကြီးတွေက လူငယ်တွေလောက်အချိန်မရှိဘူး ဒီတော့ လူငယ်တွေကို အနာဂတ်အတွက် အားကိုးရမယ် လူကြီးတွေနဲ့လူငယ်တွေဆိုတာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ပေးနိုင်တဲ့ကိစ္စ တွေအများကြီးတယ်။ နောက်ဆုံးတော့ကျွန်မတို့တိုင်းပြည်အတွက် တကယ်ပဲ ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုလို့ရှိရင် တစ်ယောက်နဲ့ တစ်ယောက် ပူးတွဲပြီး လုပ်နိုင်စရာအကြောင်းတွေ အများကြီးရှိတယ်"။

---

ကိုယ့်နိုင်ငံကို ချစ်ပါ၊ ဗမာတွေဟာ လူဖျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူ့မတရားတွေလို့ ကမ္ဘာ့ အထင်ခံရအောင်မလုပ်ပါနဲ့။

ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြီး ဂုဏ်ယူကြပါ။

**ဗိုလ်ချုပ်အောင်ဆန်း**

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ပြည်ပရောက် မြန်မာနိုင်ငံသားအားလုံး ပြန်လာရန် သမတဦးသိန်းစိန်ပြော

**VOA ၊ ဩဂုတ်လ ၁၇ ။** ။ ဒီကနေ့ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်တွေ တွေ့ဆုံပွဲမှာ ဦးသိန်းစိန်က ၁၉၈၈ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံတွေကိုရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားအားလုံးကို တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက်နေရပ်ရင်း ပြန်လာပြီး အတူပူးပေါင်းလုပ်ဆောင်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ဒီတွေ့ဆုံပွဲမှာ အစိုးရသစ်တာဝန်ယူခဲ့တဲ့ ၄ လတာကာလအတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းတွေနဲ့ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း ရှင်းလင်းပြောဆိုခဲ့ပါတယ်။ အပြည့်အစုံကို ဗွီအိုအေထိုင်းအခြေစိုက်သတင်းထောက်ကိုမိုးဇော် က တင်ပြပေးထားပါတယ်။

ဒီကနေ့ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်တွေနဲ့တွေ့ဆုံပွဲကို မွန်းလွဲ ၂ နာရီလောက်က စတင်ခဲ့တာဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲမှာဦးသိန်းစိန်က သူတို့အစိုးရသစ်လက်ထက်မှာ တိုင်းပြည်စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့တာတွေနဲ့ ဆက်လက်ဆောင်ရွက်မယ့်လုပ်ငန်းတွေကို မိနစ် ၂၀ လောက်ပြောဆိုခဲ့ပါတယ်။

ဒီပြောဆိုခဲ့တာတွေထဲမှာ ထူးခြားတာတခုကတော့ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှာ ရောက်ရှိနေသူတွေကို တိုင်းပြည်တိုးတက်ရေးအတွက် မြန်မာပြည်ကို ပြန်လာပြီး အတူပူးပေါင်း ဆောင်ရွက်ဖို့ ဖိတ်ခေါ်တဲ့ အချက်လည်း ပါဝင်တယ်လို့ ဒီတွေ့ဆုံပွဲကို ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ မြန်မာ့ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်တဦးလည်းဖြစ်တဲ့ ဦးခင်ရွှေက အခုလိုပြောပါတယ်။

"အဓိကတော့ အပြင်ရောက်နေတဲ့ မြန်မာလူမျိုးတွေပေါ့၊ ပြည်တွင်းလာပြီး အလုပ်လာပြန်လုပ်ဖို့။ မြန်မာပြည်ရဲ့စီးပွားရေးအရ တိုးတက်အောင် ဆောင်ရွက်တော့မယ်၊ အဲဒီကာလမှာပြည်ပရောက်နေတဲ့ ပုဂ္ဂိုလ်များလည်း ပြည်တွင်းပြန်လာပြီးတော့ မြန်မာပြည်တိုးတက်ရာ၊ တိုးတက်ကြောင်း ဝိုင်းဝန်းကြပါ။ တကယ်လို့ အပြစ်များရှိခဲ့လို့ရှိရင် လည်းတော်ရုံတန်ရုံအပြစ်တွေ ခွင့်လွှတ်ပေးမယ်ဆိုတာအဲဒီတချက်ကတော့ ထူးခြားပါတယ်။"

ဒါ့အပြင် အခြား ကချင်လွတ်လပ်ရေးအဖွဲ့နဲ့ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကိုလည်း ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းကိုလည်း ပြောကြားခဲ့တယ်လို့ ဦးခင်ရွှေက ပြောပါတယ်။ "KIA နဲ့ ဖြစ်တဲ့ကိစ္စမှာ ကချင်လူထုကို ကိုယ်စားမပြုဘူး။ အဲဒီကိစ္စကိုလည်း ငြိမ်းချမ်းရေးရအောင် ဆွေးနွေးမယ်ဆိုတဲ့ အကြောင်းလေးတွေ။"

ဒီတွေ့ဆုံပွဲကိုတက်ရောက်ခဲ့တဲ့ဟိုတယ်လုပ်ငန်းရှင်အသင်းရဲ့ အထွေထွေအတွင်းရေးမှူးဦးခင်အောင်ထွန်းကတော့ နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လက်ရှိကောက်ခံနေတဲ့ အခွန်အခတွေကို လျှော့ချပေးနေသလို ဆက်လက်လျှော့ချပေးသွားဖို့ ရှိကြောင်း ပြောဆိုသွားတယ်လို့ အခုလို ပြောပြပါတယ်။

"အဓိက Export Tax တွေနဲ့ ပတ်သက်လို့၊ Export Tax တွေ၊ အထည်ချုပ်နဲ့ပတ်သက်တာ၊ ကောက်ပဲသီးနှံနဲ့ ပတ်သက်တာ၊ ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်တာတွေ၊ ပြည်တွင်းက စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ Tax တွေ လျှော့ချပေးပြီး ဖြစ်တယ်လေ။ ပြီးတော့မကြာခင်မှာ အထည်ချုပ်လုပ်ငန်းနဲ့ပတ်သက်လို့လည်း သူတို့ Tax တွေကို လျှော့ချပေးဖို့ရှိတယ်။ နောက် တခြားဟာတွေနဲ့ပတ်သက်လို့ လျှော့ချပေးဖို့ရှိတယ်။ ပြီးတော့ ခရီးသွားလုပ်ငန်း အပါအဝင်တခြားလုပ်ငန်းတွေမှာလည်း Tax တွေကို လျှော့ချပေးဖို့၊ ပြန်လည်သုံးသပ်ပေးဖို့ဆက်လုပ်သွားမယ်လို့ ပြောတယ်။"

နိုင်ငံတော် သမ္မတဦးသိန်းစိန်က ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ပင်စင်လစာတိုးပေးရေး၊ လက်ရှိ ရေဘေးဒဏ်ခံနေရတဲ့ ပဲခူး၊ ဧရာဝတီနဲ့ ကရင်ဒေသတွေက ပျက်စီးသွားတဲ့ လယ်ယာလုပ်ငန်းပြန်လည် ထူထောင်ရေး၊ အရံဆန်စပါးထားရှိရေးစတာတွေကို ဆောင်ရွက်နေ တာနဲ့ ဒေါ်လာဈေး မတည်ငြိမ်မှုကြောင့် သွင်းကုန် ထုတ်ကုန်လုပ်ငန်းကို ထိခိုက်နေတဲ့အတွက် ငွေလဲနှုန်းကို ပြင်ဆင်သတ်မှတ်ဖို့ ဆောင်ရွက်နေတဲ့အကြောင်းလည်း ထည့်သွင်း ပြောကြားခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲမှာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ လူမှုအသင်းအဖွဲ့ခေါင်းဆောင်တွေ ၄၀၀ လောက် တက်ရောက်ခဲ့တာဖြစ်ပြီး သမ္မတဦးသိန်းစိန်က ရှင်းလင်းပြောဆိုပြီးတဲ့အခါ တက်ရောက်လာသူတချို့ကို နှုတ်ဆက်တာ၊ မေးမြန်းတာနဲ့ စကားပြောဆိုတာတွေ ရှိခဲ့ပေမဲ့အပြန်အလှန်ဆွေးနွေးတာတော့ မရှိခဲ့ဘူးလို့တက်လာသူတွေကပြောပါတယ်။

# သမတပြောဆိုမှု KIO ကန့်ကွက်

**RFA၊ဩဂုတ်လ ၁၇။** ။ ဒါ့အပြင် သမ္မတဦးသိန်းစိန်ရဲ့ မိန့်ခွန်းမှာ ပြည်ပအတိုက်အခံတွေ ပြည်တော်ပြန်လာခွင့်ပေးမယ် ဆိုတဲ့စကားဟာလက်တွေ့မှာ စောင့်ကြည့်ဖို့လိုတယ်လို့ ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က RFA ကို ပြောပါတယ်။

ကချင်လူထုတွေနဲ့ KIO အကြား ဆက်စပ်မှုမရှိအောင် ခွဲခြားလိုက်တဲ့ သဘောမျိုးဖြစ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေပြန်လာကြဖို့ ပြောဆိုနေပေမဲ့လည်း အဖြစ်သဘောပြောဆိုတာဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝိုင်းဝန်းလုပ်ဆောင်ကြမယ်၊ လက်နက်စွန့်ပြီး အတူတကွ လုပ်ဆောင်မယ်ဆိုပေမဲ့ တကယ်တန်းလက်တွေ့မှာ ဘာအာမခံချက်မှမရှိကြောင်း ပြောဆိုပါတယ်။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာချုပ်ဆိုခဲ့တဲ့ KIO နဲ့ နဝတအစိုးရ သဘောတူညီချက် စာချုပ်ပါအချက်အလက်တွေကို အများသိအောင် ထုတ်ပြန်ပေးဖို့ KIO က တောင်းဆိုထားကြောင်းလည်း ဦးလနန်က ပြောပါတယ်။

လက်နက်ကိုင်နဲ့ အစိုးရကြား နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသဘောတူထားတဲ့ အချက် ၈ ချက်ရှိပြီး အဆိုပါအချက်တွေကို KIO အဖွဲ့က ချိုးဖောက်တဲ့အတွက် တိုက်ပွဲတွေ ပြန်ဖြစ်လာတယ်လို့ အစိုးရကပြောဆိုကြောင်း၊ ဒါပေမဲ့ ၁၉၉၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ အချက်တွေက ဒီအချက် ၈ ချက်နဲ့ကိုက်ညီမှုမရှိခဲ့ကြောင်း သူက ပြောပါတယ်။ အဲဒီ KIO ရဲ့ကြေညာချက်မှာ လက်ရှိအစိုးရသစ်ဟာ နှစ်ပေါင်း ကြာရှည်နေပြီ ဖြစ်တဲ့ ပြည်တွင်းစစ်နဲ့ တိုင်းရင်းသားအရေးတွေကို အလေးမထားတာ တွေ့ရတယ်လို့လည်း ဖော်ပြထားပါတယ်။

# ဦးအောင်ကြည်နဲ့တွေ့ဆုံမှု ကောင်းသောစတင်ခြင်းလို့ဒေါ်အောင်ဆန်းစုကြည်ပြော

**RFA ၊ ဩဂုတ်လ ၁၈ ။** ။ ဩဂုတ်လ ၁၂ ရက်နေ့ကဝန်ကြီးဦးအောင်ကြည်နဲ့တွေ့ဆုံပွဲအပြီး ထုတ်ပြန်ကြေငြာချက်မှာ ပါတဲ့အတိုင်း ဒီဆွေးနွေးပွဲတွေဟာ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကောင်းသော စတင်ခြင်းဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က RFA ကို ဒီကနေ့ ပြောကြားလိုက်ပါတယ်။

"အမေ့ရဲ့ငြိမ်းချမ်းရေးပန်ကြားချက်နဲ့ပတ်သက်လို့အတော်များများက လိုလိုလားလားနဲ့ထောက်ခံကြပါတယ်။ ချက်ခြင်းကြီးအဖြေမပေါ်တာက အံ့ဩစရာမဟုတ်ပေမဲ့ လူတိုင်းလူတိုင်းက တတ်နိုင်သမျှလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ ပေါ်ထွန်းလာမှာပါ။ ဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံပွဲအပြီး ထုတ်ပြန်ကြေငြာချက်မှာပါတဲ့ အတိုင်းဘဲ အများပြည်သူအတွက် အကျိုးရှိစေဖို့ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ မြင်ပါတယ်။ အစဘဲဆိုပေမဲ့ ကောင်းသောစခြင်းလို့ ပြောချင်ပါတယ်။"

RFA က အပတ်စဉ်တင်ဆက်နေတဲ့ "လူထုနဲ့ဒေါ်အောင်ဆန်းစုကြည်" အစီအစဉ်အတွက် သောတရှင်တဦးရဲ့ မေးခွန်းကို ဖြေကြားရာမှာ အခုလို ပြောကြားလိုက်တာဖြစ်ပါတယ်။

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သွားခဲ့တဲ့ ပဲခူး နိုင်ငံရေးခရီးစဉ်အတွက် သူ့အနေနဲ့ ကျေနပ်အားရဖြစ်ရကြောင်းလည်း ပြောပါတယ်။

"ကျမရဲ့ ပဲခူးနိုင်ငံရေးခရီးစဉ်ကို ကျေနပ်အားရပါတယ်။ပြည်သူတွေနဲ့ထိတွေ့မှုရှိနိုင်ခဲ့တာဟာ အင်မတန်မှ စိတ်ချမ်းမြေ့စရာပါဘဲ။ အာဏာပိုင်တွေဘက်ကလည်း ကောင်းကောင်းမွန်မွန် ပူးပေါင်းဆောင်ရွက်ခဲ့ကြတာမို့ သက်ဆိုင်သူတွေ အားလုံးအတွက်ဝမ်းမြောက်စရာဖြစ်ခဲ့ရပါတယ်။"

အပြည့်အစုံကို သောကြာနေ့ညပိုင်းမှာ ထုတ်လွှင့်မယ့် လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည် အစီအစဉ်မှာ စောင့်မျှော်နားဆင်နိုင်ပါတယ်။

ဒီအတောအတွင်း နေပြည်တော်မှာ မနက်ဖြန်က စပြီးနှစ်ရက်ကြာကျင်းပမယ့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖို့ ဖိတ်ကြားတဲ့စာ မနေ့ကလက်ခံရရှိတယ်လို့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြား ရေးတာဝန်ခံ ဦးအုန်းကြိုင်က ဒီနေ့ပြောပါတယ်။ ဖိတ်စာကို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဆိုင်ရာ ဦးစီးကော်မတီက ပေးပို့တာပါ။

"စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ၁၉ - ၂၀ ရက်မှာကျင်းပမှာပေ့ါ။ အဲဒီ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဆိုင်ရာ ဦးစီးကော်မတီက ကျနော်တို့ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားတဲ့စာ ၁၇ ရက်နေ့က လက်ခံ ရရှိပါတယ်။"

ဖိတ်စာ လက်ခံရရှိတာပဲ ပြောနိုင်ပြီး ဒီအလုပ်ရုံ ဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည် တက်မယ်-မတက်ဘူးဆိုတာကိုတော့ဦးအုန်းကြိုင်က ပြောဆိုနိုင်ခြင်းမရှိပါဘူး။

---

**မျက်နှာဖုံးမှ**

ဆီကိုပို့တယ်၊ ဒေါ်အောင်ဆန်းစုကြည်ပြောတာတွေကို ပြန်ပို့ဆိုတာလောက်ပဲ လုပ်နေတာဖြစ်တယ်။ ဆက်လက်ပြီးတော့ တွေ့ဆုံမှုတွေဆက်လုပ်သွားမယ်ဆိုတဲ့အစီအစဉ်တိုင်းမှာအစီအစဉ်ရဲ့အစိတ်အပိုင်းတခုဖြစ်တယ်လို့ ကျနော်တို့ပြောချင်တယ်။ ဒါကတခုပေ့ါ။ တတိယတချက် ကျနော်ပြောချင်တာကတော့ သူတို့ အခုဇူလိုင် ဆွေးနွေးပွဲလုပ်နေတဲ့ ပညာသည်များ ဆွေးနွေးပွဲလိုပေ့ါဗျာ။ ဒီဆွေးနွေးပွဲမျိုးကို ဒေါ်အောင်ဆန်းစုကြည် တက်တယ်ဆိုတာက ဘာနဲ့တူလဲဆိုတော့ ဆွစ်ဇာလန်နိုင်ငံမှာလုပ်တဲ့ ဒါးဗို့စ်ညီလာခံလိုဟာမျိုးလိုပဲ။ ဒါးဗို့စ်ညီလာခံမှာ ကမ္ဘာကျော်ပုဂ္ဂိုလ်ပေါင်း ထောင်နဲ့ချီပြီးတော့ တက်ရောက်ကြတယ်။ အဲဒီတက်ရောက်ကြတဲ့ပွဲမှာ လူတိုင်းဟာ ပရိသတ်၂,၀၀၀ လောက် တက်တဲ့ပွဲမှာ ၂,၀၀၀ စလုံးနဲ့တွေ့ဆုံနေတာ မဟုတ်ဘူး။ သူတို့တွေ့ချင်တဲ့လူနဲ့တွေ့ဖို့က အဓိကဖြစ်တယ်။ ကျန်တဲ့ သူတွေနဲ့ ဟလိုလုပ်တာကတော့ ဒုတိယတချက်ပေ့ါဗျာ။ အဲဒါကို ကျနော်ထင်တယ်၊ ဒီဟာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဲဒီဆွေးနွေးပွဲကို တက်ရောက်ခြင်းရဲ့ ပထမအဓိကကိစ္စဖြစ်တယ်။ ဒုတိယကိစ္စကျမှ ဆွေးနွေးပွဲမှာ တက်ရောက်ပါဝင်ခြင်းဆိုတာ ဒုတိယအဆင့်ဖြစ်တယ်လို့ကျနော်တို့အဲဒီလိုပဲ ပြောချင်ပါတယ်။"

NLD ပါတီ ခေါင်းဆောင်တဦးဖြစ်တဲ့ သတင်းစာဆရာကြီးဦးဝင်းတင်ရဲ့ သုံးသပ်ချက် ဖြစ်ပါတယ်။ တကယ်တော့ NLD ပါတီဟာ ဒီလိုတွေ့ဆုံဆွေးနွေးရေးဆိုတဲ့ လမ်းကြောင်းပေါ် အစဉ်တစိုက်တောင်းဆိုလာခဲ့တာဖြစ်သလို အခုဒေါ်အောင်ဆန်းစုကြည်နဲ့သမ္မတဦးသိန်းစိန်တို့ တွေ့ကြတယ်ဆိုတဲ့မြင်ကွင်းဟာလည်း ပြည်တွင်းပြည်ပနဲ့ ဒီမိုကရေစီရေးအင်အားစု အားလုံး မျှော်လင့်နေတဲ့ မြင်ကွင်းတခု ဖြစ်တယ်လို့ စာရေးဆရာမောင်ဝံသက ဆိုပါတယ်။

"အရင်စကားမပြောနိုင်ဘဲဖြစ်နေတဲ့အခြေအနေကနေပြီးတော့ အခုစကားပြောကြတယ်။ အခုအချိန်ကျတော့ တွေ့ဆုံတဲ့အဆင့်တော့ ရှိသွားပြီပေ့ါ။ ဒီတွေ့ဆုံတာကနေ နောက်ပိုင်းမှာ ဆွေးနွေးတဲ့အဆင့်ကို ရောက်သွားတယ်လို့ အဲဒီလို မျှော်လင့်နိုင်ပါတယ်။"

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က တိုင်းပြည်ရဲ့ လက်ငင်းပြဿနာတွေကို သူပြောဖို့ဆိုဖို့အခွင့်အရေးရှိမယ်၊အခွင့်အလမ်းရှိမယ်ဆိုလို့ရှိရင် သူဟာ နိုင်ငံရေးအကျဉ်းသားတွေ ပြဿနာကို ပထမဦးဆုံးပြောလိမ့်မယ်လို့ ကျနော်တို့က အဲဒီလိုထင်ပါတယ်။ ပုဂ္ဂိုလ်အရပေ့ါလေ ရင်းရင်းနှီးနှီးတွေ့ဆုံတာကစပြီးတော့ နောက်ပိုင်းမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေအထိ ဖြစ်လာနိုင်တယ်လို့ မျှော်လင့်စရာအကြောင်းတွေ ရှိပါတယ်။"

စာရေးဆရာမောင်ဝံသ ပြောပြခဲ့တာဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ မနက် ၉ နာရီက ရန်ကုန်နေအိမ်ကနေ အစိုးရစီစဉ်ပေးတဲ့ကားနဲ့နေပြည်တော်ကို ထွက်လာခဲ့တာဖြစ်ပြီး နေ့လည် ၁ နာရီကျော်မှာ နေပြည်တော်ကို ရောက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ စတင်ကျင်းပနေတဲ့ အလုပ်ရုံဆွေးနွေးပွဲကို အခုချိန်ထိ မတက်သေးပေမဲ့မနက်ဖြန်မှာ ဒီဆွေးနွေးပွဲကို တက်လာနိုင်တယ်လို့လည်း သတင်းသမားတွေက ခန့်မှန်းနေကြပါတယ်။

# သတင်းထုတ်ပြန်ရေးအဖွဲ့ ဆိုပါကလား

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

တနေ့တုန်းကပဲ ကြံ့ဖွတ်စစ်အစိုးရဟာ "ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့"ဆိုတာကိုဖွဲ့စည်းလိုက်ကြောင်း ကြေညာလိုက်ပါတယ်။ ကျွန်တော်မှာ တွေ့ရခဲ့လှတဲ့ "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့" ဆိုတာကိုကြားရတော့ သဘာဝကျစွာပဲ လူတွေကကြံ့ဖွတ်စစ်အစိုးရ ဘာတွေများအကြံအဖန်လုပ်ပြန်ပြီလဲလို့တွေးမိကြပါတယ်။ လက်ရှိပြောရေးဆိုခွင့်ရှိသူ ဗိုလ်(ဦး)ကျော်ဆန်းကိုပဲတ ယောက်ထဲလွှတ် မထားချင်လို့လား၊ သတင်းစာဆရာတွေနဲ့တွေ့ဆိုရာမှာ သူတို့ဘက်က အင်အားပြချင်လို့လား၊ လူများပွဲစည်ဆိုပြီး စတန့်ထွင်တာလား သို့လော၊ သို့လောတွေအများကြီးဖြစ်လာပါတယ်။

ဒါပေမဲ့ ဒီလူ ၁၁ ဦးပါတဲ့ ဒီအဖွဲ့ပေါ်ထွက်လာတဲ့အတွက် ပိုဖြစ်နိုင်တာက သူတို့ချင်း တယောက်ကိုတယောက် မဲတင်းဖို့၊ သတင်းပိုအမှောင်ချဖို့သာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေ တဌာနကိုတဌာန အကြောခံရတယ်လို့ ထင်နေလို့ ဖန်တီးလာတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တခုခုထူးလာမယ်၊ ပိုပွင့်လင်းလာမယ်လို့တော့ ဘယ်သူကမှမထင်ပါဘူး။ ကြံ့ဖွတ်စစ်အစိုးရ ဘာညာဏ်နီ ညာဏ်နက်တွေများထုတ်အုံးမလဲလို့သာ သံသယအထောင်အသောင်းနဲ့ စောင့်ကြည့်နေကြပါတယ်။ သတင်းထုတ်ပြန်ရာမှာ လူတဦးထဲထုတ်ပြန်တယ်ဆိုတာထက် လူအများနဲ့ထုတ်ပြန်တယ်ဆိုတာက ဘာများပိုထူးမှာလဲ။ ပစပ်ပေါက်ပိုများလာတာဟာ အသံကျယ်လာတာထက်မပိုနိုင်ပါဘူး။

ဒီဟာလေး ဖြည့်လိုက်ပါအုံး၊ ဟိုဟာလေး မချန်လိုက်ပါနဲ့ဆိုပြီး ပိုကျယ်ပြန့်လာပွင့်လင်းလာမယ်လို့မျှော်လင့်နိုင်ပါသလား။တယောက်က ဟိုဟာဖြတ်လိုက်၊ နောက်တယောက်က ဒီဟာလည်းတောက်လိုက်နဲ့ပိုလို့သာတင်းကြပ်၊ ကျဉ်းမြောင်းသွားနိုင်တယ်လို့ထင်ပါတယ် အရေးပါတဲ့ ဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေနဲ့ဖွဲ့စည်းထားတာမို့ သတင်းတည်းဖြတ် ရာမှာ အားဖြည့်တဲ့သဘော ပိုဆောင်နေပါတယ်။ သတင်းပိုပေးချင်ရင် သက်ဆိုင်ရာဌာနက တိုက်ရိုက်ထုတ်ပြန်ပြောဆိုလို့ ရတယ်ထင်ပါတယ်။ ကော်မတီ၊ အစုအဖွဲ့တွေ ဖွဲ့နေဖို့မလိုပါဘူး။ အခုပိုဖြစ်နိုင်တာက သူတို့ချင်းတယောက်ကိုတယောက် မဲတင်းဖို့၊ သတင်းပိုအမှောင်ချဖို့သာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေ တဌာနကိုတဌာန အကြောခံရတယ်လို့ ထင်နေလို့ ဖန်တီးလာတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒီနေ့ဗမာပြည်ရဲ့သတင်းလောကမှာ အကြီးဆုံး ဒီပြောရေးဆိုခွင့်ရှိသူဆိုသူ(တွေ)ဟာ ခိုင်းတာလုပ်ရသူတွေချည်း ဖြစ်ပါတယ်။ သူ့တဦးထဲရဲ့အမြင်ကို မပြောဝံ့ပါဘူး။ ပြဿနာတခုက သက်ဆိုင်ရာဌာနတွေကသတင်းမှန်တွေကို မထုတ်ပြန်ပဲ လုံကြုတ်သတင်းတွေထုတ်ပြန်နေတဲ့ကိစ္စပါ။ ဒီလိုဖြစ်နေတာဟာ သတင်းထုတ်ပြန်တာကို အဖွဲ့အစည်းနဲ့မထုတ်ပြန်လို့မဟုတ်ပါဘူး။ တကယ်ပြောရရင် အခုထုတ်ပြန်နေတာတွေဟာ ဗိုလ်(ဦး)ကျော်ဆန်းတဦးထဲက လိမ်ညာနေတာလည်း မဟုတ်ပါဘူး။ တကယ်က စစ်အစိုးရအဆက်ဆက်ဟာသတင်းစာရှင်းလင်းပွဲဆိုတာတွေမှာ သူတို့ အယုံကြည်အစိတ်ချဆုံးလူ တွေကိုပဲသူတို့ကိုယ်စား ထွက်လိမ်ခိုင်းနေတာဖြစ်ပါတယ်။ တနည်းပြောရရင် ဒီပြောရေးဆိုခွင့်ရှိသူဆိုသူ(တွေ)ဟာ ခိုင်းတာလုပ်ရသူတွေချည်းဖြစ်ပါတယ်။ သူ့တဦးထဲရဲ့အမြင်ကိုမပြောဝံ့ပါဘူး။ မီဒီယာသမားတွေနဲ့ တွေ့ဆုံတိုင်း သူတို့ရဲ့ခေါင်းထဲမှာ နံပတ်ဝမ်းကြီးရဲ့ပုံရိပ်ကြီးက အမြဲလွှမ်းမိုးနေတာဖြစ်ပါတယ်။

ဒါဖြင့်ဒါက ဘာလုပ်တာလဲ။ ဗိုလ်(ဦး)သိန်းစိန်တက်လာတဲ့နောက်လုပ်နေတဲ့ သဏ္ဍာန်ဆံတဲ့ လုပ်ရပ်တွေထဲက တခုဖြစ်တယ်ဆိုတာကတော့ ဘာမှအငြင်းပွားစရာမရှိပါဘူး။ ဒါ့အပြင် နောက်ရည်ရွယ်ချက်တခုက ဒီနေ့လို မီဒီယာတွေများပြား၊ ဆက်သွယ်ရေးစနစ်တွေမျိုးစုံထွန်းကားနေတဲ့အချိန်မှာ သူတို့ဌာနတွေထဲကလူတွေကို မဗျူးနိုင်အောင် ထိပ်ကနေပိတ်ဆို့ထားတာလည်းဖြစ်ပါတယ်။ မီဒီယာတွေအနေနဲ့မေးချင်တာရှိရင် ဒီအဖွဲ့ကိုပဲမေး၊ တခြားလူတွေကိုမမေးနဲ့ဆိုတာမျိုး၊ ဒါမှမဟုတ် ဒီအဖွဲ့မှအပ တခြားအစိုးရဌာနနဲ့ ဝန်ထမ်းတွေ ပြောတာမှန်သမျှ တရားမဝင်ဘူးဆိုတာမျိုးဖြစ်အောင် လုပ်လာပါလိမ့်မယ်။ သူတို့စိုးရိမ်တာက သူတို့အထဲကလူတွေက အမှန်တွေ ထုတ်ပြောမှာ၊ သတင်းတွေ သူတို့ပစပ်ပေါက်ထဲက မဟုတ်ပဲ တခြားပစပ်ပေါက်တွေကထွက်မှာကိုပါပဲ။

ဒီနေ့လို မီဒီယာတွေများပြား၊ ဆက်သွယ်ရေးစနစ်တွေ မျိုးစုံထွန်းကားနေတဲ့အချိန်မှာ သူတို့ဌာနတွေထဲက လူတွေကို မဗျူးနိုင်အောင် ထိပ်ကနေ ပိတ်ဆို့ထားတာလည်းဖြစ်ပါတယ်။ ပြည်သူတွေကြားချင်၊ သိချင်နေတာဟာအမှန်တရားပါ။ မျက်နှာတွေ၊ ပစပ်ပေါက်တွေမဟုတ်ပါဘူး။ ဗိုလ်(ဦး) သိန်းစိန်တို့အနေနဲ့ သူတို့ကိုယ်သူတို့ နအဖအစိုးရနဲ့လမ်းခွဲခဲ့ပါတယ်ဆိုတဲ့အဓိပ္ပာယ်မျိုး ပြသချင်ရင်ဗမာပြည်က စာနယ်ဇင်းတွေ၊ ဗီဒီယိုတွေကို ဖွင့်လိုက်တိုင်းတွေ့နေရတဲ့ အင်မတန်အကျည်းတန်တဲ့ "ဦးတည်ချက်လေးရပ်"၊ "ပြည်သူ့ဆန္ဒသဘောထား"၊ "ဆူပူမှုဖြင့်ဒီမိုကရေစီမရနိုင်"၊ "VOA, RFA ရန် တိုက်ပေးနေသည်" စတဲ့ တဖက်သတ်ဝါဒဖြန့်၊ အနိုင်ကျင့်မှုတွေကို ဖယ်ရှားပေးတာမျိုးကိုအရင်ဆုံးလုပ်ပြသင့်ပါတယ်။ သူတို့ရဲ့ဒီကြွေးကြော်သံတွေဟာ မီဒီယာလောကကိုရော မီဒီယာများကို ဖတ်-ကြည့်-နားထောင်နေသူများကိုပါ ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။

ဗိုလ်နေဝင်းအစပြုလိုက်တဲ့ လူဗိုလ်ပုံအလယ်မှာမျက်ရည်ကျပြတဲ့စတိုင်အချိုးကို အခုဗိုလ်(ဦး)ကျော်ဆန်းက သတင်းစာရှင်းလင်းပွဲမှာ လုပ်ပြလာတာတွေ့ရပါတယ်။ ဒါပေမဲ့ဗိုလ်(ဦး)ကျော်ဆန်းအကြောင်းကို နောကျေနေတဲ့ ဗမာပြည်သတင်းလောကနဲ့ နိုင်ငံရေးလောကက လူတွေကတော့ ဒါဟာမိကျောင်းမျက်ရည်ထက်မပိုနိုင်ဘူးလို့ပဲဆိုကြပါတယ်။ ဘယ်သူမှ ဒီမျက်ရည်တွေကြောင့် ဗိုလ်(ဦး)သိန်းစိန်အစိုးရနဲ့ ဗိုလ်(ဦး)ကျော်ဆန်းလို သတင်းထုတ်ပြန်သူတွေကို "အော်-သူတို့ခမျာမျက်ရည်တောင်ကျရှာတယ်"လို့ စာနာထောက်ခံစိတ်မပေါ်မိပါဘူး။ ဒီလိုမျက်ရည်ကျတဲ့ သတင်းစာရှင်းလင်းပွဲမျိုးမှာ ဘာပြောသွားတယ်ဆိုတာကို ပိုသတိထားမိပါတယ်။ ဒီအကြိမ်မှာ ထင်ရှားတဲ့ အချက်တခုကတော့ "အင်န်အယ်လ်ဒီကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခိုင်းပြန်တာပါပဲ။ အသွင်ပြောင်းပေမယ့် အနှစ်သာရမပြောင်းကြောင်း

**စာမျက်နှာ ၇ သို့**

# ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေ ပဲခူးတိုင်းအတွက် ထပ်မံကူညီ

**RFA ၊ ဩဂုတ်လ ၁၆ ။** ။ ပဲခူးမြို့က အနောက်ရွှေနံ့သာ ကျောင်းတိုက် ဓမ္မာရုံအတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အလှူငွေ ၅ သိန်း ထပ်မံလှူဒါန်းကြောင်း သိရပါတယ်။အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လူငယ်တွေရဲ့ BG ခေါ် သွေးအကူအညီပေးရေး အဖွဲ့က မူလတန်းကလေးတွေနဲ့ မိဘမဲ့ လေလွင့် ကလေးတွေအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့က ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက် ပဲခူးမြို့ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က ရေဘေးဒုက္ခသည် အများစုရောက်ရှိနေတဲ့ ရွှေနံ့သာ ကျောင်းတိုက်ကို သွားရောက်ခဲ့စဉ် အလှူငွေတသိန်းလှူဒါန်းခဲ့ကြောင်း နောက်ထပ် ဓမ္မာရုံ ပြုပြင်ဖို့အတွက် လှူဒါန်းတာဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းတာဝန်ခံ ဦးစိုးဝင်းက ပြောပါတယ်။

"ကျနော်တို့ စေတနာကျောင်းမှာ ရေဘေးဒုက္ခသည်တွေက မြေကြီးပေါ် ထိုင်နေကြရတာကို။ ဒါ့ကြောင့် ဆောက်လက်စ ဓမ္မာရုံကို ဆက်ဆောက်နိုင်အောင် တနေ့က တသိန်း ဒီနေ့ ငါးသိန်း ကြမ်းခင်းတွေ ခင်းဖို့ ဒေါ်အောင်ဆန်းစုကြည်က သွားလှူနိုင်းလို့သွားလှူတာပါ"

ဒီကနေ့မှာပဲ မင်္ဂလာဒုံမြို့နယ် NLD စည်း အဖွဲ့ဝင်တွေကလည်း ပဲခူးမြို့ဘူတာ အနောက်ဘက်ခြမ်း ကန်ကြီးဒေါင့် ရပ်ကွက်က ရေဘေး ဒုက္ခသည်တွေကို စားနပ်ရိက္ခာတွေ ထောက်ပံ့ခဲ့ကြောင်း မင်္ဂလာဒုံမြို့နယ် NLD လူငယ်လုပ်ငန်းအဖွဲ့ဝင် ကိုအေးမင်းစိုးက ပြောပါတယ်။

လတ်တလော အခြေအနေအရ ပဲခူးမြို့က ကားလမ်းမကြီးတွေမှာသာ ရေကျသွားပြီး ရပ်ကွက်တွေကတော့ ရေနစ်မြုပ်နေစဲ ဖြစ်တဲ့အတွက် ဒုက္ခသည်တွေအနေနဲ့ နေအိမ်တွေကို ပြန်လို့ မရသေးကြောင်း လှေတွေနဲ့ သွားလာနေရကြောင်း သိရပါတယ်။

ဒီအတောအတွင်းမှာ ပဲခူးတိုင်း ကျောက်တန်းစံပြရွာမှာ ရေကြီးနေတဲ့အတွက် အခက်အခဲဖြစ်နေသူတွေကို NLD လူငယ်တွေရဲ့ BG သွေးကူညီရေးအဖွဲ့က ဒီနေ့ ဆန်နဲ့ အဝတ်အထည်တွေ သွားရောက်လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ဆန်အိတ် ၆၀ နဲ့ အဝတ်အထည် ၁၅၀၀ ကျော်သွားလှူခဲ့ပါတယ်။ ဒါ့အပြင် အဲဒီနားက ရွာသစ်ရွာကိုလဲ သွားလှူနေတယ်လို့ BG သွေးကူညီရေးအဖွဲ့ခေါင်းဆောင် ကိုညီညီက RFA ကို ပြောပါတယ်။

"ပဲခူးတိုင်း ကျောက်တန်း စံပြကျေးရွာမှာ ရှိတဲ့ သီရိမင်္ဂလာရာမ ဘုန်းကြီးကျောင်းကို ဝိသာလကျောင်းက ဆရာလေးနဲ့ စက်မှုဇုံက လုပ်ငန်းရှင်တွေရယ်၊ ကျနော်တို့ BG သွေးကူညီရေးအဖွဲ့ရယ် အားလုံး ပူးပေါင်းပြီးတော့လှူတာပါ။ အခု ရွာသစ်ကိုလည်း သွားပြီးလှူဖို့ကျနော်တို့ သွားနေပါတယ်"

အခုတော့ ပဲခူးနဲ့ အနီးတဝိုက်က နေရာတွေမှာ ရေကျသွားပြီလို့ ဆိုပါတယ်။ ဒါပေမယ့် ရေကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ ဝမ်းလျှော ဝမ်းပျက်ရောဂါတွေ ကာကွယ် နိုင်ဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပဲခူးခရီးစဉ်မှာ အဲဒီကျေးရွာတွေကို ရေသန့်ဗူးတွေ လှူခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီကျေးရွာတွေကို ဓာတ်ဆားထုပ်တွေလည်း ဆက်လှူသွားဖို့ စီစဉ်နေတယ်လို့ ကိုညီညီက ပြောပါတယ်။

**စာမျက်နှာ ၆ မှ**

ပြောချင်တာပါ။

မီဒီယာတွေနဲ့ သတင်းစာရှင်းလင်းပွဲတွေအကြောင်းပြောတယ် ဆိုတော့ တပါထဲမှာ ဗမာပြည်သတင်းလောကမှာ အင်မတန်အရုပ်ဆိုးတဲ့ဖြစ်ရပ်တခု ဒီနှစ်ပိုင်းထဲမှာဖြစ်ခဲ့ဖူးတာကို သတိရမိပါတယ်။ အဲဒါက သတင်းထုတ်ပြန်တဲ့ တာဝန်ခံပုဂ္ဂိုလ်ကြီးကမေးမြန်းတဲ့မီဒီယာသမားကို ငေါက်ငမ်းခြိမ်းခြောက်တာဖြစ်ပါတယ်။ ဒါဟာသူတို့ အာဏာရှင်တွေရဲ့အကျင့်ပဲလို့ စဉ်းစားနားလည်ယူလို့ရပေမယ့်သတင်းထုတ်ပြန်ပွဲမှာလူတဦးထဲက ထုတ်ပြန်နေတဲ့အခါ တဦးထဲက ငေါက်ပြီးအဖွဲ့နဲ့ ထုတ်ပြန်နေရင် အဖွဲ့လိုက်ငေါက်မှာ-ဟောက်မှာ လားဆိုတာစဉ်းစားစရာဖြစ်နေပါတယ်။ ဒါနဲ့တဆက်ထဲပဲ နောင်သတင်းစာ ရှင်းလင်းပွဲတွေမှာ ဒီသတင်းထုတ်ပြန်ရေး အဖွဲ့ဝင် ၁၁ ယောက်စလုံး ထွက်ပိုပြနေရင် ဆိုတာကိုလည်း တွေးနေမိပါတယ်။

နှစ်ခါအလှည့်စားခံရရင် ကိုယ့်အပြစ်ပေါ့လေ။

# ပဲခူးခရီးစဉ်အတွက် ဒေါ်စု ကျေးဇူးတင်

**RFA ၊ ဩဂုတ်လ ၁၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မနေ့က သူ့ရဲ့ ပဲခူးမြို့ခရီးစဉ်နဲ့ပတ်သက်ပြီး အာဏာပိုင်တွေနဲ့ အဖွဲ့အစည်းတွေကို ကျေးဇူးတင်ကြောင်း ဒီကနေ့ ပြောကြားလိုက်ပါတယ်။

ပဲခူးတိုင်း ခရီးစဉ်အတွင်း အဘက်ဘက်မှ ပံပိုး ကူညီခဲ့ကြတဲ့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း အသီးသီးနဲ့ လူမှု အဖွဲ့အစည်းတွေအပါအဝင်ပြည်သူလူထုတစ်ရပ်လုံးကို အထူးကျေးဇူးတင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့စွဲနဲ့ ကြေညာချက် ထုတ်ပြန် ပြောကြားလိုက်တာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့က ပဲခူးနဲ့ သနပ်ပင်မြို့တွေကို သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ဆရာတော်နဲ့သံဃာတော်များ၊ အနောက်ရွှေနံ့သာကျောင်းတိုက်ဆရာတော်နဲ့ သံဃာတော်များကို တွေ့ဆုံဖူးမျှော်ပြီး ဩဝါဒခံယူနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးသူတွေ၊ လာရောက်အားပေးကြတဲ့ပြည်သူလူထု၊ ဒီမိုကရေစီနဲ့ လူထုကွန်ယက်တွေက အဖွဲ့ဝင်တွေ၊ အဖက်ဖက်က ကူညီဆောင်ရွက်ပေးခဲ့တဲ့ ဒေသဆိုင်ရာအာဏာပိုင်တွေ၊လူမှုရေးအဖွဲ့အစည်းတွေ၊ ပြည်တွင်း ပြည်ပမီဒီယာအဖွဲ့ဝင်တွေ၊ တာဝန်ကျေပွန်စွာ စီစဉ် ဆောင်ရွက်ပေးကြတဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေကိုအထူးကျေးဇူးတင်ကြောင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က ကြေညာချက် ထုတ်ပြန်ခဲ့တယ်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ဖတ်ပြခဲ့ပါတယ်။

မနေ့ကပဲခူးနဲ့သနပ်ပင်မြို့ခရီးစဉ်အတွင်းဒေသခံပြည်သူထောင်နဲ့ချီပြီး ဒေါ်အောင်ဆန်းစုကြည်ကို လာရောက်ကြိုဆိုခဲ့သလို ဒေသခံ အာဏာပိုင်တွေကလည်း အရင်နဲ့မတူဘဲ ထူးထူးခြားခြား ကူညီပံ့ပိုးခဲ့ကြတယ်လို့ သိရပါတယ်။

# ပင်လောင်းမြို့အနီး ရွှေတူးဖော်နေသည့်ဒေသမြေပြို လူတရာကျော်မြေမြုပ်

**RFA ၊ ဩဂုတ်လ ၁၈ ။** ။ ရှမ်းပြည်နယ် ပင်လောင်းမြို့အနီးက ရွှေတူးဖော်နေတဲ့ ဒေသမှာ မြေပြိုခဲ့တာကြောင့် အလုပ်သမားတရာကျော် မြေမြုပ် သေဆုံးခဲ့ကြရတယ်လို့ သိရပါတယ်။

မြေပြိုခဲ့တဲ့ နေရာဟာ ရမည်းသင်းမြို့နယ် အရှေ့ဖက် မိုင် ၃၀ ကျော်အကွာမှာဖြစ်ပြီး ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့အနောက်တောင်ဖက် ရှမ်းပြည်နယ်စပ်အနီးတစ်ဝိုက်မှာ ရွှေတူးဖော်လုပ်ကိုင်နေကြတဲ့ အမှတ် ၂ စက်မှုဝန်ကြီး လက်အောက်ခံ ရွှေလုပ်ကွက်အတွင်းမှာဖြစ်ပါတယ်။ ဒီရွှေတွင်းဒေသမှာ ပြီးခဲ့တဲ့ တစ်ပတ်ကျော် လောက်က မိုးအဆက်မပြတ် ရွာသွန်းခဲ့ပြီးနောက် စက်စုကုမ္ပဏီ ရွှေတွင်းကအလုပ်သမား တစ်ရာကျော် နေထိုင်တဲ့ နေအိမ်တွေပေါ်ကို မြေပြိုကျခံခဲ့ရတာ ဖြစ်တယ်လို့ ရွှေလုပ်ငန်းလုပ်ကိုင်နေသူတဦးက RFA ကိုပြောပါတယ်။

"လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က မိုးတွေ အရမ်းရွာပြီး ၉၅၀ စိုက်ထဲမှာဖြစ်တာ။ ဒီမှာ နေခြည်ပွင့် ဆိုတာ ကုမ္ပဏီ ကနေပြီးမှ သူက တောင်ပေါ်ပတ်လမ်းကို ဖောက်လိုက်တာ။ လူတွေက တောင်အောက်မှာနေတာ မိုးတွေရွာတော့ အဲ့ဒီက မြေဖာတွေကနေ ပိကျပြီးတော့မှ၊ ပြီးတော့ အောက်မှာ တူးထားတဲ့နေရာတွေက အများကြီးပဲ ကြွက်တွင်းလို ဂလိုင်တွေဖြစ်နေတယ်။ ကြာတဲ့အခါမှာ ရေက စိမ့်သွားတဲ့အခါမှာ ဝုန်းဆိုပြိုကျတာပေါ့။ ဘယ်လိုမှ ပြေးလို့ မလွယ်ဘူးလေ၊ ပိုဆိုးသွားတာက ညကြီး ၁၂ နာရီ ၁ နာရီမှာ ညကြီးဖြစ်တယ်ဆိုတော့ သေတာပေါ့အားလုံးက။ လူ တစ်ရာ ကျော်လောက် သေသွားတယ်။ ၁၁ လောင်းပဲ ရသေးတယ်။ ကျန်တာတွေက ဖော်လို့မရဘူး တခါတည်း မြေမြုပ်ပြီးသားဖြစ်သွားတာပေါ့။ ကျနော်တို့ လုပ်တဲ့နေရာနဲ့က မြေပြိုတဲ့နေရာနဲ့က ၃ မိုင်လောက်ဝေးတယ်။"

ဒီရွှေတွင်းဒေသဟာ အမဲရောင် နယ်မြေအဖြစ် သတ်မှတ်ထားပြီးလုပ်ကိုင်ခွင့်ပိတ်ထားတယ်လို့ဆိုပေမဲ့ နားလည်မှုယူပြီးကုမ္ပဏီ ၂၀၀ ကျော်က လာရောက်လုပ်ကိုင်နေကြတာဖြစ်သလို မြေပြိုလို့ သေဆုံးခဲ့ကြရသူတွေရဲ့ မိသားစုဝင်တွေကို အသိပေးအကြောင်းကြားတာ မရှိသေးပဲ လူအမြောက်အများ သေဆုံးခဲ့ကြရတဲ့ သတင်းကိုလည်း ပြင်ပကို မပြောကြားကြဖို့ ပိတ်ပင်ထားကြောင်းဆက်ပြောပါတယ်။

ထောင်နဲ့ချီတဲ့ အလုပ်သမားတွေ သေဆုံးခဲ့ရတဲ့ စက်စုကုမ္ပဏီဟာ ဗိုလ်ချုပ်ကြီးဟောင်း သတ္တုတွင်း ဝန်ကြီးဦးသိန်းထိုက်ပိုင်ဆိုင်တဲ့ ကုမ္ပဏီလို့ သိရပြီး လမ်းဖောက်ရင်း မြေပြိုခဲ့ရတဲ့ နေခြည်ပွင့်ကုမ္ပဏီ ပိုင်ရှင်ဟာ ပျဉ်းမနားနေပြည်တော်တိုင်း စစ်ဌာနချုပ်ဗိုလ်ချုပ်ဝေလွင်ရဲ့ ဆွေမျိုးတော်စပ်သူ တစ်ဦးလို့သိရှိရပေမဲ့ သီးခြားအတည်ပြုချက်မရရှိပါဘူး။ ရွှေတွင်းမှာလုပ်ကိုင်နေကြတဲ့ ကုမ္ပဏီတွေဟာ ရွှေတူးဖော်ခွင့်ရအောင် တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ရွှေလုပ်ကွက် တစ်ကွက် ပါမစ်ရဖို့ သိန်းတစ်ထောင့်နှစ်ရာ ပေးပြီး လုပ်ကိုင်နေကြကြောင်းလည်း သိရပါတယ်။

မြေပြိုသေဆုံးမှုနဲ့ပတ်သက်ပြီး ပင်လောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ဆက်သွယ်မေးမြန်းရာ ဖုန်းကိုင်ဖြေဆိုသူ ရုံးဝန်းထမ်းတစ်ဦးက မြေပိသေဆုံးမှုမရှိဘူးလို့ဖြေပါတယ်။ အလားတူ ပင်လောင်းမြို့နယ်ရဲစခန်းက ဖုန်းကိုင်ဖြေဆိုသူ ရဲဝန်ထမ်း တစ်ဦးကလည်း မြေပြိုမှုသတင်းမသိရှိကြောင်းနဲ့မြို့နဲ့အလှမ်းဝေးကြောင်းသာပြောဆိုပါတယ်။ ဒါပေမဲ့ ရမည်းသင်းမြို့နယ် ရဲစခန်းက ဖုန်းကိုင်ဖြေဆိုသူ ရဲအရာရှိ တစ်ဦးကတော့ မြေပြိုခဲ့တာ ဟုတ်မှန်ကြောင်း အတည်ပြုပြောဆိုပြီး အသေးစိတ် အချက်အလက်မသိရှိရကြောင်း ပြောပါတယ်။

မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ရွှေတွင်း တူးဖော်ရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်သူတွေဟာ ၂၀၀၀ ခုနှစ်က စလို့ ပိုမို များပြားလာပြီး ရွှေတူးဖော်တဲ့ နယ်မြေတွေ ထပ်မံစမ်းသပ်ချဲ့ထွင်လာနေသလို အကြီးစား ရွှေတွင်းတူးဖော်ရေးလုပ်ငန်းအဖြစ်လုပ်ကိုင်ကြတဲ့လုပ်ငန်းရှင်တွေ အပြင် တပိုင်တနိုင်စီးပွားဖြစ် လုပ်ကိုင်နေကြောင်းလည်းသိပါတယ်။

---

## ဦးအောင်ဆန်းဦးနဲ့မော်နီတာဂျာနယ်အား တရားစွဲ

**DVB ၊ ဩဂုတ် ၁၆ ။** ။ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးနဲ့ မော်နီတာဂျာနယ်တို့ကို တရားရုံးအား မထီမဲ့မြင်ပြုမှုနဲ့ တရားစွဲဆိုထားတဲ့ အမှုနဲ့ပတ်သက်ပြီး တရားရုံးက ဆင့်ခေါ်လာမယ့် ရုံးချိန်းကို စောင့်ဆိုင်းနေတယ်လို့ ရှေ့နေဦးဉာဏ်ဝင်းကပြောပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေ ဦးဉာဏ်ဝင်းက အခုလိုရှင်းပြပါတယ်။"ဒါက တရားလွှတ်တော်ဆိုတော့ ရက်ချိန်းကို အတိအကျမပေးလိုက်ဘူး။ အမှုတွဲတောင်းခေါ်တာ သမာန်စာတွေ ဆင့်တာ ဒီအပေါ်မှာမူတည်ပြီးတော့မှ ထွက်တယ်။ ကျနော်တို့က ရုံးချိန်း စောင့်နေတာပေါ့။ ကျနော်တို့အမှုနံပါတ်လည်း ပေါ်နေပါပြီ။ ရုံးချိန်း သာ မပေါ်သေးတာ။"

ဒေါ်အောင်ဆန်းစုကြည်နေထိုင်နေတဲ့ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်နဲ့ခြံဝင်းကို လွန်ခဲ့တဲ့ ၁၀ နှစ်က ဦးအောင်ဆန်းဦးက "အမွေဘုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" နဲ့ စတင်တရားစွဲဆိုခဲ့မှုအပေါ် တရားရုံးက ဆုံးဖြတ်ချက်မချခင် အဆင့်ကျော်လွန်ပြီး အမှုနိုင်ပြီဖြစ်ကြောင်း ဦးအောင်ဆန်းဦးကပြောဆိုခဲ့ပါတယ်။ ဒီပြောဆိုချက်အပေါ်"တရားရုံးအားမထီမဲ့မြင်ပြုမှုနဲ့" ဒေါ်အောင်ဆန်းစုကြည်က တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ဒ့ါအပြင် ဦးအောင်ဆန်းဦးရဲ့ ပြောကြားချက်တွေကို ထည့်သွင်းဖော်ပြခဲ့တဲ့ မော်နီတာဂျာနယ်ထုတ်ဝေသူ ဝဏ္ဏကျော်ထင်ဦးလှမြင့်ဆွေနဲ့ အယ်ဒီတာချုပ်ဦးမြတ်ခိုင်တို့ကိုလည်း ယခုလ ၈ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေက ရန်ကုန်တိုင်း တရားလွှတ်တော်မှာ ပူးတွဲပြီး တရားစွဲဆိုခဲ့ပါတယ်။

ဦးအောင်ဆန်းဦးဟာ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၀ ပြည့်နှစ်က နေအိမ်နဲ့ခြံဝင်း အမွေပိုင်ဆိုင်လိုမှုနဲ့ စတင်တရားစွဲဆိုခဲ့ပါတယ်။ အဲ့ဒီအမှုမှာတော့ ဦးအောင်ဆန်းဦးကို နိုင်ငံခြားသားတဦးအနေဖြင့် နေအိမ်ခြံဝင်းပိုင်ဆိုင်ခွင့်မရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့တာကြောင့် ဦးအောင်ဆန်းဦးအမှုရှုံးနိမ့်ခဲ့ရပါတယ်။

အဲ့ဒီနောက် ၂၀၀၁ ခုနှစ်မှာတော့ ဦးအောင်ဆန်းဦးရဲ့ ရှေ့နေတွေက အမွေဘုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနဲ့ ထပ်မံတရားစွဲဆိုခဲ့ရာ ၁၀ နှစ်အကြာ ဒီကနေ့အချိန်အထိ တရားရုံးက မဆုံးဖြတ်သေးတာလည်း ဖြစ်ပါတယ်။ ဒီကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၉ ခုနှစ်မှာ နေအိမ်ပြင်မှုပြုလုပ်ခဲ့စဉ်အချိန်ကလည်း ဦးအောင်ဆန်းဦးရဲ့ ကန့်ကွက် မှုကြောင့် ပြင်ဆင်မှုကို ခေတ္တရပ်ဆိုင်းထားခဲ့ရပါတယ်။




# သတင်းဖြစ်ရပ်များ

**ဩဂုတ် ၁၁ | CNN ॥ ॥** လူမမယ်စစ်သည်အဖြစ် စစ်တပ်တွင်းဥပဒေနှင့် ဆန့်ကျင်အသွင်းခံခဲ့ရသူ ဟိန်းမင်းအောင်သည် စကားပြန်မှတဆင့် အီးမေးလ်ဖြင့် မိမိသည် စစ်တွင်း အဓမ္မအသွင်းခံရပုံကို ရှင်းပြ၏။

**ဩဂုတ် ၁၂ | Mizzima ॥ ॥** မြန်မာဒီမိုကရေစီရေးတွင် သေချာပေါက်ထောက်ခံကူညီမည်ဟု Lithuania နိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်သို့ဦးတည်၍ ကတိပေးပြောဆို၏။

**ဩဂုတ် ၁၂ | Mizzima ॥ ॥** ၁၉၉၇ နောက်ပိုင်း ဘတ်ဂျက်နှင့်ဘဏ္ဍာရေးကိန်းဂဏန်းများအကြောင်း သတင်းထောက်မေးမြန်းချက်ကို ဦးကျော်ဆန်းမှအချို့အချက်များကို လူထုသို့ အသိမပေးနိုင်ကြောင်းဖြင့်ဖြေကြားကြောင်း၊

**ဩဂုတ် ၁၂ | AP ॥ ॥** NLD သည် တရားဝင်ပါတီဖြစ်ရန် မှတ်ပုံတင်ရန် အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား ပြောကြောင်း။

**ဩဂုတ် ၁၂ | UPI ॥ ॥** မြစ်ဆုံဆည် စသည့်ဒေသခံများ အိမ်မြေဆုံး သဘာဝဘေးပွားသည့်လုပ်ငန်းများရပ်တန်းက ရပ်ရန် ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာနှင့်တရုတ်အစိုးရရှင့်လုပ်ငန်းများသို့ မေတ္တာရပ်ခံ၏။

**ဩဂုတ် ၁၃ | Asahi Shimbun ॥ ॥** မြန်မာတွင် စစ်ရာဇဝတ်မှုကျူးလွန်မှု စွပ်စွဲချက်များကို ကုလသမဂ္ဂမှ စစ်ဆေးရေးကော်မရှင်ဖွဲ့ စစ်ရန် ဝိုင်းဝန်းတောင်းဆိုရန် အမေရိကန်ပြည်ထောင်စုသည် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းရိုင်းပင်းနေကြောင်းဖြင့် အမေရိကန်မှဆို၏။

**ဩဂုတ် ၁၄ | AP ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ပဲခူးခရီးစဉ်တွင် လူများထောင်ချီ၍ ကြိုဆိုနှုတ်ဆက်၏။

**ဩဂုတ် ၁၄ | AFP ॥ ॥** ဒေါ်အောင်ဆန်းစုကြည်သည် စာကြည့်တိုက်ဖွင့်ပွဲ မိန့်ခွန်းတွင် စည်းလုံးညီညွတ်ရန် သတိပေးပြောဆို၏။

**ဩဂုတ် ၁၄ | Straits Times ॥ ॥** မြန်မာအမျိုးသမီးအိမ်ဖေါ်များ စင်္ကာပူတွင် ခေတ်စားနေကြောင်း။

**ဩဂုတ် ၁၄ | NYT ॥ ॥** ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးတိုင်း ရေဘေးဒုက္ခသည်များအား အားပေးတွေ့ဆုံခဲ့၏။ လူထု၏အသံသည် အရေးကြီးသဖြင့် ကြားလိုကြောင်းဖြင့်လည်း မိန့်ခွန်းတခုတွင်ဆို၏။

**ဩဂုတ် ၁၄ | Mizzima ॥ ॥** အင်္ဂလိပ်ဖြူဝတ်လူငယ်များ ကိုယ်ရံတော်အဖြစ်စောင့်ကျပ်၍ ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးသို့နေ့ချင်းပြန် စာကြည့်တိုက်ဖွင့်၊ ရေဘေးဒုက္ခသည်အားပေး ခရီးစဉ်ထွက်ခဲ့၏။

**ဩဂုတ် ၁၅ | AllIran ॥ ॥** ကချင်အမျိုးသမီးဖွဲ့ KWAT သည် မြန်မာအစိုးရ၏ ကေအိုင်အေအား ကျူးကျော်စစ်တိုက်မှုအတွက်၄င်း၊ လူထုအပေါ် မုဒိမ်းပြုကျင့်ခြင်းအပါအဝင် ရက်စက်ယုတ်မာမှုများ လူသတ်မှုများ လူငယ်များအား ပြန်ပေးဆွဲခြင်းများကို ပြစ်တင်ဝေဖန်ချက်ထုတ်ပြန်၏။ မတရားလုပ်ရပ်များကို ရပ်တန့်ရန်လည်းတောင်းဆို၏။

**ဩဂုတ် ၁၅ | Asia Sentinel ॥ ॥** မြန်မာတွင် ဖေဖေါ်ဝါရီမှစ၍ အမှုစစ်ဆေးရန်အကြောင်းဖြင့် ဗိုလ်ချုပ်အဆင့်အပါအဝင် စစ်ဗိုလ်ချုပ် ၆ ဦးအား ဖြုတ်ခြင်း၊ ပြောင်းခြင်းများ လုပ်ခဲ့ကြောင်း။

**ဩဂုတ် ၁၅ | VOA ॥ ॥** ရဲအစောင့်များဖြင့် ကားအစီး ၃၀ ခန့်ဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ယမန်နေ့ပဲခူးခရီးစဉ်သည် လူထုများစွာအား ဆွဲဆောင်ခဲ့၏။

**ဩဂုတ် ၁၅ | Mizzima ॥ ॥** ရေဖြူမြို့နယ်တွင် မြန်မာရေတပ်သည် မြေကေတသောင်းကျော် လျော်ကြေးပင်မပေးဘဲ သိမ်းဆည်းယူထားကြောင်း ဒေသခံများမှဆို၏။

**ဩဂုတ် ၁၅ | Mizzima ॥ ॥** SSA-N သည် တရုတ်အင်ဂျင်နီယာသုံးဦးနှင့် စကားပြန်တဦးလွှတ်မြောက်ရေးတွင် ကြားဝင်စေ့စပ်ပေးခဲ့၏။ ဖမ်းဆီးပြီးလွှတ်ခဲ့သည့်အဖွဲ့အဆိုအရ မိမိတို့သည် ငွေကြောင့်မဟုတ်ဘဲ ရေကာတာဆောက်ခြင်းမှားသဖြင့် မလိုလားသောကြောင့်ဟု အမည်ကို မထုတ်ဖေါ်သောထိုအဖွဲ့ မှဆိုကြောင်း။

**ဩဂုတ် ၁၅ | Mizzima ॥ ॥** ရှမ်းပြည် ကျက်သီမြို့နယ်တွင် ရှမ်းပြည်နယ်တပ် SSA-N နှင့် မြန်မာတပ်များ ဩဂုတ် ၁၄ တွင် တိုက်ပွဲဖြစ်ကြောင်း။ နှစ်ဖက်ထိခိုက်ကျဆုံးမှုများခဲ့ကြောင်း။

**ဩဂုတ် ၁၆ | DVB ॥ ॥** ထိုင်းမူးယစ်ဆေးရဲများ ယမန်နေ့က နေပြည်တော်သို့ နှစ်လည် မူးယစ်ဆေးဆွေးနွေးခဲ့၏။

**ဩဂုတ် ၁၆ | AFP ॥ ॥** ပင်လုံစာချုပ်အား လေးစားရန် ရှမ်းမှ မြန်မာသို့ သတိပေး တိုက်တွန်း၏။

**ဩဂုတ် ၁၆ | AFP ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ခရီးသွားခွင့်ပြုခြင်းနှင့် အန္တရာယ်ကင်းစွာ သွားလာစေခြင်းအစိုးရခြေလှမ်းကို အမေရိကန်မှ ကြိုဆိုကြောင်း။

**ဩဂုတ် ၁၆ | UPI ॥ ॥** အိမ်နီးချင်းနိုင်ငံများ၏ မြန်မာတွင် ပတ်သက်၍ ပယောဂမကင်းဖြစ်နေသော စွမ်းအင်ကုမ္ပဏီများသည် ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်များတိုးနေခြင်းကိစ္စတွင် နှုတ်ပိတ်နေကြောင်း EarthRights International မှဆို၏။

**ဩဂုတ် ၁၆ | IANS ॥ ॥** မြန်မာအစိုးရသည် ထုတ်ကုန်ခွန်ကို ဖလ ကင်းလွှန်ခွင့်ပေးထားကြောင်း။

**ဩဂုတ် ၁၆ | BP ॥ ॥** ရန်နောင်အနီးတွင် တရားမဝင်ထိုင်းသို့ ဝင်လာသူ မြန်မာ ၆၃ ဦးအား တွေ့ရှိရကြောင်း။

**ဩဂုတ် ၁၆ | Global Politician ॥ ॥** မြန်မာအစိုးရနှင့်ကုန်သွယ်မှုအတွက် အိန္ဒိယရောက်မြန်မာများမှ နျူးဒေလီအထိဆန္ဒပြခြင်းများ၄င်း၊ အနောက်တိုင်းအစိုးရများမှနားချနေသည့်ကြားမှ အိန္ဒိယသည် မြန်မာအစိုးရသို့ စစ်ကားအစီး ၅၀ ကျော်တိုက် လက်နက်များရောင်းချခဲ့ခြင်းကို ဆန္ဒပြကြသည်။

**ဩဂုတ် ၁၆ | Irawaddy ॥ ॥** သတင်းရှင်းပွဲမေးခွန်းဖြေရင်း ငိုယိုမျက်ရည်ကျခဲ့သူ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းသည် အလုပ်ပြုတ်ဖွယ်ရှိကြောင်း။

**ဩဂုတ် ၁၆ | Mizzima ॥ ॥** သမတဦးသိန်းစိန်သည် လုပ်ငန်းကြီးပိုင်ရှင်နှင့်အဖွဲ့အစည်းများအား နေပြည်တော်အစည်းအဝေးသို့ဖိတ်ကြားထားရာ အရေးကြီးအကြောင်းအရာ ပြောလိုခြင်းကြောင့်ဖြစ်နိုင်ကြောင်း လုပ်ငန်းခေါင်းကြီးပိုင်းများမှ ဆို၏။

**စာမျက်နှာ ၁၁ သို့**

# စီးပွားရေးလုပ်ငန်းရှင်များနှင့် နေပြည်တော်တွင် သမတဦးသိန်းစိန်တွေ့ဆုံ

**Mizzima ၊ ဩဂုတ်လ ၁၆ ။** ။ စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် စီးပွားရေး အသင်းအဖွဲ့များကို သမ္မတက စီးပွားရေးနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များပေးရန် ဗုဒ္ဓဟူးနေ့တွင် နေပြည်တော်သို့ လာရောက်ကြဖို့ မြန်မာနိုင်ငံ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဖိတ်ကြားထားပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များကို သမ္မတမှ သီးသန့်ခေါ်ယူတွေ့ ဆုံရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲသဘောမျိုးမဟုတ်ဘဲ သမ္မတမှ စီးပွားရေးနှင့်ပတ်သက်သည့်လမ်းညွှန်ချက်များချမှတ်ပေးနိုင်ခဲ့တယ်လို့မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဥက္ကဋ္ဌဦးခင်ရွှေမှ မဇ္ဈိမကိုပြောပြပါတယ်။

"အဓိကကတော့ နိုင်ငံရဲ့စီးပွားရေးကို သမ္မတကနေပြီးတော့ လမ်းညွှန်မှာပေ့ါ၊ ဘာပြောမယ် ညာပြောမယ် ဘာလုပ်မယ် ညာလုပ်မယ်ပေ့ါ၊ အရေးကြီးလို့လည်း ခေါ်ပြောတာဖြစ်ပါလိမ့်မယ် ဆိုတော့သူ လုပ်ချင်တဲ့လမ်းစဉ်ကို သူရှင်းပြဖို့ဖြစ်ပါလိမ့်မယ်"။

မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များအသင်းစသည်ဖြင့် စီးပွားရေး အသင်းပေါင်း ၅၀ ကျော်ကို ဖိတ်ကြားထားပြီး တသင်းချင်းစီကို အတွင်းရေးမှူးနှင့်ဥက္ကဋ္ဌအပါအဝင် ၁၀ ဦးစီတက်ရောက်ရန် ဖိတ်ကြားထားတယ်လို့ဆိုပါတယ်။

ယခုနှစ် မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဆင်းရဲမွဲတေမှုပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်း သမ္မတမှ ဦးဆောင်ကာ နေပြည်တော်တွင်ကျင်းပခဲ့သေးတယ်။ အလုပ်ရုံဆွေးနွေးတွင် အသေးစားချေးငွေထုတ်ပေးရေး၊ လယ်ယာနှင့်သားငါးကဏ္ဍ တိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ တိုးတက်ရေးစသည့် လုပ်ငန်းများအတွက် ဆွေးနွေး ခဲ့ကြတယ်လို့သိရပါတယ်။

မတ်လ ၃၁ ရက်နေ့တွင် ရပ်နားခဲ့သည့် ပုံမှန် လွှတ်တော်အစည်းအဝေးများကိုလည်း ယခုလ ၂၂ ရက်နေ့ တွင်ပြန်လည် ခေါ်ယူရန်ရှိပြီး လွှတ်တော်မတိုင်ခင် စီးပွားရေးကော်မရှင် သို့မဟုတ် စီးပွားရေးကော်မတီကဲ့သို့သော အဖွဲ့မျိုး ဖွဲ့ရန်ရှိနိုင်ကြောင်းလည်း ဦးခင်ရွှေက သုံးသပ်ပါတယ်။

" လွှတ်တော်ကလည်း လာခါနီးပြီးဆိုတော့ စီးပွားရေးကော်မရှင်တို့ကော်မတီတို့လည်း ဖွဲ့ရတော့မှာ တကယ့် အသက်ဝင်မယ့် လုပ်ငန်းမျိုးတွေ လုပ်ရတော့မှာဆိုတော့ စီးပွားရေးသမားတွေနဲ့ကော သူနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ကော ခေါ်တွေ့တဲ့သဘောပေ့ါ"။

ထို့အပြင် ဦးသိန်းစိန်က တိုင်းပြည်သို့ မိန့်ခွန်းပြောကြားမည်ဖြစ်တယ်လို့ ဘောဂဗေဒပညာရှင်ဦးခင်မောင်ညိုက သူ၏ ဖေ့စ်ဘွတ်တွင် ရေးသားထားတာလည်းဖတ်ရပါတယ်။

အခြားသော သတင်းရပ်ကွက်များကလည်း မူဝါဒရေးရာမိန့်ခွန်းပြောကြားမှုဖြစ်ပြီး လွှတ်တော် ဒုတိယအကြိမ်ခေါ်ယူမှု မတိုင်မီ အစိုးရ၏ မူဝါဒဆိုင်ရာ ရှင်းလင်းမှုတခုဖြစ်တယ်လို့ ဆိုပါတယ်။

အာဏာရကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကလည်း လာမည့် လွှတ်တော်မှာမေးခွန်းပေါင်း ၁၀၀ ကိုမေးမြန်းရန် ပြင်ဆင်ထားတယ်လို့ သိရပါတယ်။ ထို့အပြင် ကြံ့ဖွံ့ပါတီရဲ့ အထွေအထွေအတွင်းရေးမှူးဦးထွေးဦးမှာ စင်္ကာပူနိုင်ငံတွင် ဆေးစစ်မှုခံယူနေရပြီး ဗုဒ္ဓဟူးနေ့မှာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမယ်လို့ ပါတီတွင်း သတင်းရပ်ကွက်က ဆိုပါတယ်။

ထူးခြားမှုတခုအနေနဲ့ မြန်မာအစိုးရ အဆက်ဆက်က ဝါဒဖြန့်လက်နက်တခုအဖြစ် အသုံးပြုခဲ့သည့်မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတို့တွင် ဖော်ပြလေ့ရှိသည့် " VOA, BBC ရန်တိုက်ပေးနေသည်။ RFA, DVB သွေးထိုးနေသည်။ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံလူသတ်သမား နားမယောင်လေနဲ့ သတိထား"ဟူသည့် ပြည်ပအခြေစိုက် သတင်းဌာနများကို တိုက်ခိုက်ရေးသားထားသည့် စာသားများ ယနေ့ထုတ် သတင်းစာများတွင် မတွေ့ရတော့ပါ။

---

# ကုလအထူးကိုယ်စားလှယ် မြန်မာပြည်သွားမည်

**RFA ၊ ဩဂုတ် ၁၅ ။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားက လာမည့်သီတင်းပတ်အတွင်း မြန်မာနိုင်ငံကိုသွားရောက်မယ်လို့ RFA ကို ဒီကနေ့ ထုတ်ဖော်ပြောကြားပါတယ်။

မြန်မာနိုင်ငံကိုသွားဖို့ သေချာနေပါပြီ၊ ဗီဇာလည်း ရထားပါပြီ၊ အခုလ တတိယပတ်အတွင်း ခရီးစဉ်စတင်နိုင်ပါလိမ့်မယ်လို့ မစ္စတာကင်တားနားပြောပါတယ်။

မစ္စတာကင်တားနားက ခရီးစဉ်နဲ့ပတ်သက်လို့ အသေးစိတ်မပြောဆိုပေမယ့် အစိုးရအရာရှိတွေအပါအဝင် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမှာဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဖို့ ရည်ရွယ်ထားကြောင်းပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အထူး အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေတာကြောင့် ခရီးစဉ်အတွင်း တွေ့ဆုံနိုင်ဖို့ ကြိုးပမ်းသွားမှာပါလို့ မစ္စတာ ကင်တားနားကပြောပါတယ်။

မစ္စတာ ကင်တားနားဟာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလက မြန်မာနိုင်ငံကို နောက်ဆုံးအကြိမ် သွားရောက်ခဲ့ပြီးနောက် စစ်အစိုးရက အကြောင်းအမျိုးမျိုးပြပြီး ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးဖို့ အကြိမ်ကြိမ် ငြင်းဆန်နေခဲ့တဲ့အတွက် သူ့ရဲ့ခရီးစဉ် ကြန့်ကြာနေခဲ့ရတာ ဖြစ်ပါတယ်။ တနှစ်ခွဲလောက်အကြာမှာ အစိုးရသစ်က ခရီးစဉ်ကို သဘောတူညီလိုက်တဲ့အတွက် အခု သွားရောက်မည့်ခရီးစဉ်ဟာ အင်မတန် အရေးကြီးကြောင်း မစ္စတာ ကင်တားနားကပြောပါတယ်။

အခု ခရီးစဉ်ဟာ မစ္စတာ ကင်တားနား အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တာဝန် စတင်ထမ်းဆောင်ခဲ့တဲ့ ၂၀၀၈ ခုနှစ် မေလ ၁ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံကို ၄ ကြိမ်မြောက်သွားရောက်မယ့် ခရီးစဉ်ဖြစ်ပါတယ်။

အခုလို မစ္စတာကင်တားနား မြန်မာနိုင်ငံကို လာရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ ကြိုးပမ်းမည့်ကိစ္စကို ကြိုဆိုကြောင်း အန်အယ်လ်ဒီပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက RFA ကို ပြောပါတယ်။

**ပြကွဒိန်မှ**

**ဩဂုတ် ၁၇ | Reuters || ||** မြန်မာစစ်အစိုးရ၏ အစိုးရသစ်သည် အတိုက်အခံများအပေါ် သတင်းစာမှ တိုက်ခိုက်မှုများ ရပ်စဲခဲ့ကြောင်း။

**ဩဂုတ် ၁၇ | AsiaOne || ||** တိုင်ဝမ် အတိုက်အခံအဖွဲ့ သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ ဆုံ၏။

**ဩဂုတ်၁၇ | KETK || ||** Nacogdoches သည် မြန်မာမှ ကျောင်းသားများလာမည့်အတွက် အသင့်ပြင်ရန်ဆွေးနွေးမည်။

**ဩဂုတ် ၁၇ | Gulf News || ||** ကင်ညာ၊ နီပေါ၊ မြန်မာစသည်တို့မှ အိမ်ဖော်ခေါ်ခွင့် တရားဝင်ပြုခဲ့၍ အလုပ်ငှားရမ် ကုမ္ပဏီများမှ ဝမ်းသာကြောင်း။

**ဩဂုတ် ၁၇ | Irawaddy || ||** မဲဆောက်တွင် ထိုင်းစစ်တပ်သည် စစ်တွင်းသက်စောင့်နည်းကို  သင်တန်းစတင်ပေးနေရာ ထိုင်းနှင့် မြန်မာတိုင်းရင်းသားများအပါ အဝင် လူ ၅၀၀ ခန့် တက်ရောက်၏။

**ဩဂုတ် ၁၇ | Mizzima || ||** ပြည်ပအခြေစိုက်နှင့်နိုင်ငံဝေး နိုင်ငံပြေးမြန်မာများပြန်လည်ခေါ်ရာတွင် ပိုမိုတိကျသော ဥပဒေပြဋ္ဌာန်း၍ ခေါ်ခြင်းသည် ပိုမိုတိကျခိုင်မာ ၍ သင့်လျော်မည်ဟုမိမိထင်ကြောင်း ဒေါက်တာနိုင်အောင် (မြန်မာဒီမိုကရေစီရရေးဖိုရမ်အတွင်းရေးမှူး) မှ ဤသတင်းဌာန၏အင်တာဗျူးတွင် ဆို၏။

**ဩဂုတ် ၁၇ | Mizzima || ||** အစိုးရသည် စီးပွားရေးဆွေးနွေးပွဲသို့  နိုင်ငံရေးပါတီ ၃၇ ခုအား ဖိတ်ထား၏။

**ဩဂုတ် ၁၇ | DVB || ||** မိမိတို့သည်တိုက်ခိုက်ရာတွင် အရပ်သားများအား ပစ်ခတ်သည်ဟု မြန်မာအစိုးရစွပ်စွဲသလို မဟုတ်မှန်ကြောင်း ကချင်နှင့် ရှမ်းလက်နက် ကိုင်အဖွဲ့ များမှဆို၏။

**ဩဂုတ် ၁၆ | AsiaTimes Online || ||** တရုတ်မှ သီရိလင်္ကာနိုင်ငံအား ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင်လည်း လိုအပ်သ၍ ထောက်ခံမည်ဟု ကတိပေးခဲ့ရာ သီရိလင်္ကာ သမတအပေါ် စစ်တွင်းရာဇဝတ်မှုများအတွက် ကမ္ဘာမှ စွပ်စွဲလျှင်လည်း တရုတ်မှ ဗွီတိုသုံးကူညီနိုင်မည်ဟု သဘောသက်ရောက်နိုင်ကြောင်း။

**ဩဂုတ် ၁၇ | VOA || ||** ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်ပြင်ပ နိုင်ငံရေးခရီးစဉ်များသည် လူထုအသိုင်းအဝိုင်း Civil Society တည်ဆောက်ရေးတွင် လိုအပ်သော ခြေလှမ်း outreach ဖြစ်ကြောင်း အယ်ဒီတာအာဘော်များမှဆို၏။။

**ဩဂုတ် ၁၈ | Irawaddy || ||**  မြန်မာတပ်များ၏ထိုးစစ်ကြောင့် ကချင်တိုင်းရင်းသားစစ်ပြေးဒုက္ခသည်များသည် တရုတ်နယ်စပ်တွင် အစာရေစာရှားပါးမှုရင်ဆိုင်နေ ရ၏ကြောင်း ကချင် အင်ဂျီအိုများဖြစ်သည့် ထိုင်းရောက်ကချင်အမျိုးသမီးများအဖွဲ့ KWAT နှင့် Wun Tawng Ningtwey (လင်းရောင်ချည်)တို့ မှ ဆို၏။

**ဩဂုတ် ၁၈ | Irawaddy || ||** ဦးနေဝင်း၏မြေး ကျော်နေဝင်းခေါင်းဆောင်သည်ဟုဆိုပြီး၊ အများအားဖြင့် လူကုန်တန်သားများဖြစ်သည့် ၁၉၉၀ ၂၀၀၀ ခန့်တွင် သောင်းကျန်းခဲ့သော Scorpion (ကင်းမြီးကောက်) လမ်းသရဲဂိုဏ်းအဖွဲ့ဝင်များ ပြန်လွှတ်လာကြောင်း။

**ဩဂုတ် ၁၈ | Irawaddy || ||** ယခင်အပတ်များအတွင်း ရှမ်းပြည်မြောက်ပိုင်းတွင် မြေသိမ်းခြင်း၊ လူ့အခွင့်အရေးဖေါက်ဖျက်မှုများဖြစ်ပွားခဲ့ကြောင်း။ Sai Zom Hseng သတင်းဝေဖန်ချက်။

**ဩဂုတ် ၁၈ | Mizzima || ||** နှစ် ၅၀ တွင်း ပထမဦးဆုံးအကြိမ် မြန်မာပုဂ္ဂလိကသတင်းလောက ဆု MWJA ရှေ့အပတ်တွင်း ချီးမြှင့်ပွဲကျင်းပမည်။ ရွေးချယ်ရေးအဖွဲ့ တွင်၊ မောင်ဝံသ၊ ဖိုးသောကြာ၊ လူထုဦးစိန်ဝင်း၊ မိုးသူ၊ ကိုကိုကြီး(ကြေးမုံ)၊ မြင့်သိန်းဖေတို့ ပါ၏။

**ဩဂုတ် ၁၈ | Mizzima || ||** နိုင်ငံအဝှမ်းအပစ်အခတ်ရပ်စဲရေး တင်ပြချက်ကို မြန်မာအစိုးရမှ လက်မခံမှုအပေါ် ကေအိုင်အိုမှ အပြစ်တင်ဝေဖန်၏။

**ဩဂုတ် ၁၈ | Mizzima || ||** စီးပွားရေးတိုးတက်မှု နိုင်ငံအဆင့်ဆွေးနွေးပွဲသို့ ဒေါ်အောင်ဆန်းစုကြည်အား ဆွေးနွေးပွဲရက်ကပ်၍ ကိုယ်တိုင်စာပို့ ဖိတ်ကြားခဲ့ကြောင်း။ ဒေါ်အောင်ဆန်းစုကြည်မှ ပါဝင်ဆွေးနွေးသူအဖြစ်တက်ရောက်မည် ဟုတ်မဟုတ်မသိရသေး။ ဧည့်အဖြစ်တက်ရောက်မည်ဟုကြားရကြောင်း။

**ဩဂုတ် ၁၈ | DVB || ||** စီးပွားရေးတိုးတက်မှုဆွေးနွေးပွဲ (ဩဂုတ် ၁၈–၂၀) သို့ရွေးကောက်ပွဲဝင် ပါတီအားလုံးအား အကြံပြုရန် ဖိတ်ကြားထား၏။ ပြည်ပရှိမြန်မာ ပညာရှင်များ စီးပွားရေးသမားများလည်း တက်ရောက်ရန်ဖိတ်ကြားထားကြောင်း။

**ဩဂုတ် ၁၈ | DVB || ||** မြန်မာတွင် လက်ဆုတ်လက်ကိုင်ရှိသည့် တိုးတက်မှုမြင်ရကြောင်းနှင့် သို့အတွက် ပိတ်ပင်မှုများကို ပြန်လည်သုံးသပ်သင့်ကြောင်း အမေ ရိကန်လွှတ်တော် နိုင်ငံခြားရေးကော်မတီ၏  အမေးကို  NDF ပါတီ၏ ဦးခင်မောင်ဆွေ မှဖြေဆို၏။

**ဩဂုတ် ၁၈ | AP || ||** ဒေါ်လာဈေးကျပြီး မြန်မာငွေကြေး ဈေးတက်၍ မြန်မာ၏ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ဈေးမယှဉ်နိုင်ဘဲ အထည်စက်ရုံအချို့ပိတ်ရမလို ဖြစ်နေကြောင်း။

**ဩဂုတ် ၁၈ | AP || ||** မြန်မာအစိုးရသည် ပထမဆုံးအကြိမ်အဖြစ် လက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ကြားကြောင်း မြန်မာအစိုးရ သတင်းစာများ မှဆို၏။

**ဩဂုတ် ၁၈ | Radio Australia|| ||** သမတဦးသိန်းစိန်သည် နိုင်ငံခြားအခြေစိုက် မြန်မာနိုင်ငံသားများအား နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ပြန်လာရန် နှိုး ဆော်ကြောင်း။ အသေးစိတ်မသိရသေး။

**ဩဂုတ် ၁၈ | Radio Australia || ||** ဩစတြေးလျားနှင့် မလေးရှားနိုင်ငံများအတွင်း ဒုက္ခသည် ဖလှယ်ရေးအစီအစဉ်သည် မြန်မာနိုင်ငံဒုက္ခသည်များအတွက် အကျိုးပိုဖြစ်ကြောင်း။

**ဩဂုတ် ၁၈ | Asian Correspondent || ||**  Facebook ၏ တော်လှန်ရေးသေးစား (မိနီတော်လှန်ရေး) သည် မြန်မာတွင် အရှိန်စတင်ရနေကြောင်း။

**ဩဂုတ် ၁၈ | Asian Correspondent  || ||** ရှစ်လေးလုံးအရေးအခင်းစသည်တို့ ကြောင့် အမိနိုင်ငံမှထွက်ပြေးခဲ့ရသော မြန်မာများအား ပြန်လည်လက်ခံမည်ဟု သမတဦးသိန်းစိန်မှဆိုခြင်းသည် ပြည်ပြေးဒီမိုကရေစီလှုပ်ရှားသူများအား မျှော်လင့်ချက်အတုပေးကြောင်း ဇင်လင်းမှ သုံးသပ်၏။

**ဩဂုတ် ၁၈ | All Headline News || ||** ကုလအထူးသံလူ့အခွင့်အရေးပါရဂူ Tomas Ojea Quintana  မြန်မာတွင်  ဩဂုတ် ၂၁ မှ ၂၅ အထိ မြန်မာအရာရှိများနှင့် တွေ့ဆုံနေထိုင်မည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ရန် စီစဉ်ထားကြောင်း၊

**ဩဂုတ် ၁၈ | Press TV || ||** မြန်မာတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများအကြားမှ တိုက်ပွဲများ ဆက်လက်ဖြစ်နေ၍ အရပ်သားထောင်ချီ၍ နေရပ်ဒေသမှ မောင်းထုတ်ခံနေသေးကြောင်း။

**ဩဂုတ် ၁၈ | Asia Times Online || ||** မြန်မာမှတင်သွင်းမည့် ဆန်အတွက် ကိုးရီးယားမှ ဘာပေးမည်မသိသော်လည်း နျူကလီယာပညာ သို့မဟုတ်ပစ္စည်း ဖြစ်ရန်များကြောင်း။

# “ဧရာဝတီအတွက် ပန်ကြားချက် ” အဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်တို့ ဖြန့်ဝေမှု ပြုလုပ်

**DVB ၊ ဩဂုတ် ၁၈ ။ ။** မြန်မာပြည်ရဲ့ အဓိကအသက်သွေးကြောမြစ်တခုဖြစ်တဲ့ ဧရာဝတီမြစ် ဘေးအန္တရယ်တွေနဲ့ ကြုံတွေ့နေရတာတာနဲ့ ပတ်သက်ပြီး လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က “ဧရာဝတီအတွက်ပန်ကြားချက်”ဆိုပြီး ၁၁ ရက်နေ့ကထုတ်ပြန်ခဲ့ပါတယ်။

အဲဒီပန်ကြားချက်ကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေနဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေက လူထုသိအောင် ပန်ကြားချက်ကိုဖြန့်ဝေမှုနဲ့ လက်မှတ်ရေးထိုးတဲ့ လှုပ်ရှားမှုတွေပြုလုပ်နေပါတယ်။

ရန်ကုန်တိုင်း တွံတေးမြို့နယ်အဖွဲ့ချုပ်ဝင်တွေက ဒီမနက်မှာ ဒေါ်အောင်ဆန်းဆုကြည်ရဲ့ ပန်ကြားချက်ကို လိုက်လံဖြန့်ဝေမှုတွေလုပ်သလိုပဲ လူထုဆီက လက်မှတ်ထိုးကောက်ယူမှုတွေ လုပ်နေပါတယ်။

လက်မှတ်ကောက်ယူမှုနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ဝင် ကိုရဲထွဋ်ခေါင်က အခုလိုပြောပါတယ်။

“အမေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဧရာဝတီအတွက် ပန်ကြားချက်ဆိုတဲ့စကားရပ်ကို ဗမာလိုရော အင်္ဂလိပ်လိုရော ယနေ့ ပြည်သူလူထုကို လိုက်လံပြီးတော့ အစောင် ၅၀၀ လိုက်လံဖြန့်ဝေတယ်။ အဲဒီအပြင်ကို ကျနော်တို့ ဧရာဝတီအတွက် အန်တုကြဆိုတဲ့ စာသားတွေကိုလည်း ကျနော်တို့ကဖြန့်ဝေခဲ့တယ်။ ဧရာဝတီကို ချစ်မြတ်နိုးသူများ ဆိုတဲ့ဆောင်ပုဒ်နဲ့ခေါင်းစဉ်တတ်ပြီးတော့ ကျနော်တို့ ပြည်သူလူထုတွေကို လိုက်လံပြီးတော့ လက်မှတ်ထိုးတာပေါ့။

“ဧရာဝတီမြစ်ကြီး တိမ်ကောသွားရင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေက အတိဒုက္ခရောက်တဲ့အပြင် အသက်အန္တရာယ်ပါ ဆုံးရှုံးနိုင်တဲ့အကြောင်း ကျနော်တို့ကရှင်းပြတယ်။ အခု ဧရာဝတီမြစ်ကြီးပေါ်မှာ ရေအားလျှပ်စစ်စီမံကိန်း ၈ ခု တည် ဆောက်ထားတယ်။

အဲဒီ ၈ ခုကို ရပ်တန့်ဖို့အတွက် ကျနော်တို့က လက်မှတ်ရေးထိုးလှုပ်ရှားမှု ပြုလုပ်တယ်ဆိုတာကို သူတို့ကိုရှင်းပြတယ်။ ပြည်သူတွေကလည်း လိုလိုလားလားပဲ သူတို့က လက်မှတ်ထိုးပေးတယ်။ ကျနော်တို့ဒီနေ့ လက်မှတ် ၁၂၀၀ ကျော်လောက်ရတယ်။”

၈၈ မျိုးဆက်ကျောင်းသားလူငယ်များက ဩဂုတ်လ ၁၅ ရက်နေ့ရက်စွဲနဲ့ ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေးနဲ့ပတ်သက်လို့ အစိုးရထံ ကန့်ကွက်စာတစောင် ထုတ်ပြန်ကြေညာပါတယ်။

ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေး ချက်ချင်းရပ်တန့်ဖို့တောင်းဆိုချက်နဲ့အတူ ပြည်သူလူထုတရပ်လုံးကိုတော့ မိမိတို့ဆန္ဒဖော်ထုတ်ဖို့ တိုက်တွန်းနိုးဆော်ထားပါတယ်။

# မြစ်ဆုံစီမံကိန်းရပ်ဖို့ ၈၈ ကျောင်းသားများတိုက်တွန်း

**RFA ၊ ဩဂုတ် ၁၅ ။ ။** ကချင်ပြည်နယ်မှာ တရုတ်ကုမ္ပဏီတည်ဆောက်နေတဲ့ ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းကို ချက်ချင်းရပ်တန့်ပေးဖို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ဒီကနေ့ ကြေညာချက်တစောင် ထုတ်ပြန်ပြီး တိုက်တွန်းလိုက်ပါတယ်။

တိုင်းပြည်ရဲ့ပင်မသွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီး တိမ်ကောပပျောက်သွားမယ့်ဘေးက ကာကွယ်ဖို့နှင့်တိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုဘေးက ကာကွယ်နိုင်ဖို့ အခုလိုတိုက် တွန်းရတာဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့ဝင် ကိုစိုးထွန်းကပြောပါတယ်။

နှစ်နိုင်ငံအစိုးရတွေအနေနဲ့ စဉ်းစားချင့်ချိန်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီး စည်းလုံးညီညွတ်မှုတွေမပျက်ပြားစေရေးအတွက်အလေးအနက်စဉ်းစားပြီးရပ်ဆိုင်းစေလိုကြောင်း ထုတ်ပြန်ကြေညာခဲ့တယ်လို့ ကိုစိုးထွန်းက ပြောပါတယ်။

မြစ်ဆုံရေကာတာ စီမံကိန်းနှင့်ပတ်သက်လို့ နိုင်ငံတကာကကျွမ်းကျင်ပညာရှင်တွေနဲ့စနစ်တကျဖွဲ့စည်းတိုင်ပင်ပြီးသုတေသနပြုမှုဆန်းစစ်မှုတွေကို ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်းအသိပေးဖို့ ဆန္ဒသဘောထား ခံယူဖို့ကိုလည်း ၈၈ မျိုးဆက်ကျောင်းသားတွေရဲ့ ကြေညာချက်မှာ တိုက်တွန်းထားပါတယ်။

ဒ့ါပြင် မြစ်ဆုံရေကာတာစီမံကိန်း ရပ်တန့်ပေးရေးလှုပ်ရှားမှုမှာ ရဟန်းရှင်လူ ကျောင်းသားနဲ့ တပ်မတော်သားတွေ စာပေအနုပညာရှင်တွေ အလုပ်သမား လယ်သမားတွေ တတ်သိပညာရှင်တွေနဲ့နိုင်ငံရေးလူမှုရေး နယ်ပယ်က ပုဂ္ဂိုလ်တွေအားလုံးအမျိုးသားရေတာဝန်သိစိတ်နဲ့ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ကြဖို့ကိုလည်း နှိုးဆော်ထားပါတယ်။

# ဒေါ်စု ပဲခူးခရီး အမေရိကန်ကြိုဆို

**VOA ၊ ဩဂုတ်လ ၁၅ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပဲခူးနဲ့သနပ်ပင်မြို့တို့ကို နိုင်ငံရေးခရီးစဉ်သွားပြီး ထောက်ခံသူတွေနဲ့ တွေ့ဆုံ စကားပြောဖို့ မြန်မာအစိုးရက ခွင့်ပြုလိုက်တဲ့အပေါ် အမေရိကန်နိုင်ငံက ကြိုဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့မြန်မာအစိုးရကိုယ်စားလှယ်တို့တွေ့ဆုံစကားပြောနေကြတာနဲ့ သူမ တခြားမြို့ကို သွားဖို့ ခွင့်ပြုခဲ့တာတွေအပေါ် အမေရိကန်ပြည်ထောင်စုအနေနဲ့ ကျေနပ် အားရမိတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး Victoria Nuland က တနင်္လာနေ့မှာ သတင်းထောက်တွေကို ပြောလိုက်တာပါ။

“အစိုးရနဲ့ သူမအကြား ပြောဆိုဆွေးနွေးနေကြတာ၊ ခရီးသွားတုန်းက လူထုကို စကားပြောခွင့်ရခဲ့တဲ့ အပေါ်နဲ့ သူမ လုံခြုံရေးအတွက် ဘာမှ မထိခိုက်အောင် အစိုးရက သူတို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့တဲ့အပေါ်တွေမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကျေနပ်အားရမိတယ်။”လို့ ပြောခွင့်ရအမျိုးသမီး Nuland က ပြောသွားတာဖြစ်ပါတယ်။

အဲဒီခရီးစဉ်အတွင်း မြန်မာနိုင်ငံကို ကမ္ဘာက အဆင့်အတန်းရှိတဲ့ နိုင်ငံတခုအဖြစ် လက်ခံလာအောင် ဝိုင်းဝန်းကြိုးစားကြဖို့နဲ့နိုင်ငံရေးမှာ အားလုံးပါဝင်လာဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့သလို မြန်မာအစိုးရဝန်ကြီးဦးအောင်ကြည်နဲ့ တွေ့ဆုံဆွေးနွေးနေတဲ့ အခြေအနေတချို့ကိုလည်း လူထုကို ဒေါ်အောင်ဆန်းစုကြည်ကရှင်းပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာပြီးတဲ့နောက် ပုဂံမြို့ကို သားငယ် ကိုထိန်လင်းနဲ့ ပြီးခဲ့တဲ့လအတွင်း မိသားစုဘုရားဖူးခရီးစဉ်ထွက်ခဲ့ပေမဲ့ ဒီပဲခူးနဲ့ သနပ်ပင်မြို့ခရီးစဉ်ကတော့ နိုင်ငံရေးခရီးစဉ်အဖြစ် တရားဝင်ပထမဆုံးသွားခဲ့တဲ့ ခရီးစဉ်ဖြစ်ပါတယ်။

# စစ်ထောက်ချုပ်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်နှစ်ဦး ရာထူးမှ ဖယ်ရှားခံရ

**Irrawaddy | ဩဂုတ်လ ၁၆ ။** ။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က စစ်ထောက်ချုပ်ဗိုလ်ချုပ်ဝေလွင်နှင့် စစ်ရေးချုပ်ဗိုလ်ချုပ်ခင်ဇော်ဦးတို့နှစ်ဦးကို လာဘ်ပေးလာဘ်ယူမှု၊ အာဏာအလွဲသုံးစားမှုများနှင့် စုံစမ်းဆေးလျက်ရှိပြီး လက်ရှိထမ်းဆောင်နေသော ရာထူးတာဝန်များကို ခေတ္တဆိုင်းငံ့ထားကြောင်း သိရရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်နေသော စစ်ရေးချုပ်ဗိုလ်ချုပ်ခင်ဇော်ဦး၏ရာထူးတာဝန်များကို ဆိုင်းငံ့ထားလိုက်ပြီး ဦးပိုင်လီမိတက်၏ဥက္ကဋ္ဌ အသစ်အဖြစ် လေကြောင်းရန်ကာကွယ်ရေးမှ ဗိုလ်ချုပ်စိန်ဝင်းကို ခန့်အပ်လိုက်ကြောင်း စစ်ဘက်သတင်းရပ်ကွက်မှ စုံစမ်းသိရှိ ရသည်။

"လေကြောင်းရန်ကာကွယ်ရေးက ဗိုလ်ချုပ်စိန်ဝင်းက ရိုးဂုဏ်ကြောင့် နာမည်ကြီးတယ်။ သူက လာဘ်ပေးလာဘ်ယူ အတော်ကင်းတဲ့ပုဂ္ဂိုလ်လို့ တပ်မှာ လူသိများတယ်" ဟု စစ်ဘက်သတင်းရပ်ကွက်နှင့် နီးစပ်သူတဦးက ဆိုသည်။

စစ်ထောက်ချုပ် ဗိုလ်ချုပ် ဝေလွင်သည်လည်း စုံစမ်းစစ်ဆေးခံနေရချိန် ရာထူးအချခံထားရပြီး လက်ရှိအနေအထားအရ ဗိုလ်ချုပ်ဝေလွင်နှင့် ဗိုလ်ချုပ်ခင်ဇော်ဦးတို့သည် မကြာမီ အနားပေးခံရရန်သေချာနေကြောင်း စစ်ဘက်သတင်းရပ်ကွက်က ဆိုသည်။

"ခေတ္တ ရာထူးချခံထားရတယ်ဆိုတာက ပြုတ်ဖို့ ၈၀ ရာခိုင်နှုန်းသေချာပြီလို့ ပြောလို့ရတယ်။ စစ်တပ်ထဲမှာတော့ အကွဲအပြဲတွေရှိလာပြီ။ အဓိကက လာဘ်ပေးလာဘ်ယူ လုပ်တယ်ဆိုပြီး ဗိုလ်ချုပ်တ ယောက်ပြီးတယောက် အပြုတ်ခံနေရတယ်။ အရင်လူတွေလာဘ်စားတာက တော်တော်ကြီးကြီးကျယ်ကျယ်လုပ်ကြတာ။ အခုအပြုတ်ခံနေရတဲ့သူတွေက သာမန်လာဘ်စားမှုလောက်လို့ ပြောလို့ရတယ်။ မြေကွက်ရောင်း၊ ကားသွင်းဒီလောက်ပါပဲ။ ဒါကို လာဘ်စားတယ်ဆိုပြီး ဗိုလ်ချုပ်တွေကို အနားပေးနေတာက ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်မှာ ရည်ရွယ်ချက်တခုခုရှိပုံရတယ်" ဟု စစ်ဘက်ရေးရာ လေ့လာသူ တဦးက သုံးသပ်သည်။

ယခုနှစ် ဇူလိုင်လအတွင်းက ခေါ်ယူ စစ်ဆေးခံရသည့် ဗိုလ်ချုပ် ၅ ဦးအနက် တပ်မတော်စစ်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကျော်ဖြိုးသည် ယခုလအစောပိုင်းတွင်အနားပေးခံရပြီး ယခု ဗိုလ်ချုပ်ခင်ဇော်ဦး ရာထူးဆိုင်းငံ့ခံခဲ့ရသည်။ ခေါ်ယူစစ်ဆေးခံရသည့် ကျန်ဗိုလ်ချုပ် ၃ ဦးမှာ ကစထမှူးဗိုလ်ချုပ်မြင့်စိုး၊ တြိဂံဒေသတိုင်းမှူးဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် ကမ်းရိုးတန်းတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တို့ဖြစ်သည်။

ဗိုလ်ချုပ်ခင်ဇော်ဦးသည် ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်ချုပ်ဝေလွင်သည် နေပြည်တော်တိုင်း စစ်ဌာချုပ်တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၎င်းတို့တိုင်းမှူးဘဝက ကျူးလွန်ခဲ့သော လာဘ်ပေးလာဘ်ယူမှုနှင့် အာဏာအလွဲသုံးစားမှုများကြောင့် စုံစမ်းစစ်ဆေးခံရသည်ဟု သိရှိရသည်။

စစ်တပ်အသိုင်းအဝိုင်းက ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် သူ ၏အာဏာတည်ဆောက်ရန်အတွက် လာဘ်ပေးလာဘ်ယူမှုလို့ဆိုကာ အကြောင်းပြကာ ဗိုလ်ချုပ်များကို ဖြုတ်ပယ်နေသည်ဟု လေ့လာသူများက ပြောဆိုကြသည်။

"တပ်မှာ ရာထူးကြီးကြီးဖြစ်ဖို့ တဘဝလုံး ရင်းရတာလေ။ တသက်လုံးတပ်ထဲမှာပဲနေပြီး ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ပြီးမှ ဗိုလ် ချုပ်ရာထူးရကြတာ။ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်လည်း လာဘ်ပေးလာဘ်ယူ မကင်းပါဘူး။ သူ့ရဲ့အာဏာတည်ဆောက်ရေးရည်ရွယ်ချက်က တပ်ကွဲသွားစေလိမ့်မယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလို အာဏာရှင်ပုံစံမျိုးကို ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ရောက်လာလိမ့်မယ်" ဟု စစ်ဘက်ရေးရာ လေ့လာသူက ပြောသည်။

၂၀၁၁ ခုနှစ်အတွင်း ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဗိုလ်ချုပ်တင်ငွေနှင့် ဗိုလ်ချုပ်ကျော်ဖြိုးတို့ကို ရာထူးတာဝန်များ ဆက်တိုက် အနားပေးခံခဲ့ရသည်။

---

## မြန်မာအစိုးရသစ်ကို အမေရိကန် စောင့်ကြည့်

**RFA | ဩဂုတ် ၁၅ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာအစိုးရသစ်ကို ထင်သာမြင်သာရှိရှိ တိုးတက်အောင်လုပ်ဖို့ ပြောနေတဲ့မူဝါဒရှိပါတယ်။ ဒါကို ကျနော်တို့ စောင့်ကြည့်နေပါတယ်လို့ အမေရိကန်အထက်လွှတ်တော်အမတ် Mr. Jim Webb က ဩဂုတ်လ ၁၅ ရက်နေ့ကပြောသွားပါတယ်။

အာရှဒေသခရီးလှည့်လည်ချိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဝန်ကြီးချုပ်ရုံးစိုက်ရာ အစိုးရအိမ်တော်မှာ ဒီနေ့ မွန်းလွဲပိုင်းမှာလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာကော်မတီ ဥက္ကဋ္ဌက အဲဒီလိုပြောသွားတာပါ။

Mr. Jim Webb ဟာ ထိုင်းဝန်ကြီးချုပ်သစ် Yingluck Shinawatra နဲ့ ဒီနေ့တွေ့ဆုံပြီး မနက်ဖြန်မှာ ဝန်ကြီးချုပ်ဟောင်း အဘီဆစ်နဲ့တွေ့ဆုံမယ်လို့ပြောပါတယ်။

ဒီနေ့ အရေးအကြီးဆုံး ပြောချင်တဲ့အချက်ကတော့ ဒီနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့တာ ကျွန်တော် ဝမ်းမြောက်ရပါတယ်။ ဒါဟာ အရှေ့တောင်အာရှက ကျန်တဲ့နေရာတွေအတွက် ဒီမိုကရေစီရေး နမူနာကောင်းဖြစ်ပါတယ်။

ဗန်ကောက်မြို့မှာ မနှစ်က ဆူပူမှုတွေ ဖြစ်ပွားပြီးပြီးချင်း ဒီကို ကျနော်ရောက်ခဲ့ပြီး ဒီမှာ ဖြစ်ပျက်တာတွေမြင်တွေ့ရတာ အင်မတန်မှ စိတ်ဆင်းရဲရပါတယ်။ အခုတော့ ထိုင်းနိုင်ငံမှာ ဖြစ်နေရမယ့် ဒီမိုကရေစီလမ်းကြောင်းဘက် ပြန်ရောက်လာပြီလို့ ထင်ပါတယ်လို့ ပြောသွားပါတယ်။

Mr. Jim Webb ဟာ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတွေကို ခရီးလှည့်လည်နေပါတယ်။

သူဟာ မြန်မာနိုင်ငံကို ၂၀၀၉ ခု ဩဂုတ်လက ရောက်လာခဲ့ပါတယ်။ ဒါဟာ ဆယ်နှစ်ကျော်အတွင်း မြန်မာနိုင်ငံကို ပထမဆုံး ရောက်လာတဲ့ အမေရိကန်အဆင့်မြင့် တာဝန်ရှိသူတဦးရဲ့ခရီးစဉ် ဖြစ်ပြီး အဲဒီတုန်းက စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ရောနေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတွေ့ဆုံခဲ့ပါတယ်။

# ဌာနေပြန်ရေး နိုင်ငံရေးလွတ်လပ်ခွင့်လိုအပ်ဟု ပြည်ပရောက် မြန်မာများ ပြောဆို

**VOA ၊ ဩဂုတ်လ ၁၇ ။** ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံတွေကို ရောက်နေကြတဲ့ မြန်မာနိုင်ငံသားအားလုံးကို မြန်မာနိုင်ငံကို ပြန်လာခွင့်ပြုလိုက်ပြီလို့ ဒီကနေ့ နေလယ်ပိုင်း နေပြည်တော်မှာလုပ်တဲ့ အစည်းအဝေးတခုမှာ သမ္မတဦးသိန်းစိန်က ကြေညာသွားပါတယ်။ ပြည်ပရောက် အတိုက်အခံလှုပ်ရှားသူတွေကတော့ မြန်မာပြည် ပြန်ဖို့ဆိုရင်လွတ်လပ်တဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားခွင့်ရှိဖို့ လိုအပ်မယ်လို့ တုံ့ပြန်ကြပါတယ်။ ဒီပြောဆိုချက်ဟာ အမျိုးသားရင်ကြားစေ့ရေးအတွက် ရည်ညွှန်းတယ်ဆိုရင်တော့ အကျဉ်းထောင်တွေအတွင်းမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို အရင်ပြန်လွှတ်သင့်တယ်လို့လည်း ပြောပါတယ်။ အပြည့်အစုံကို ဆက်သွယ် မေးမြန်းထားတဲ့ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

သမ္မတဦးသိန်းစိန်ဟာပြည်တွင်းစီးပွားရေးနဲ့ လူမှုရေးနယ်ပယ်အသီးသီးက တာဝန်ရှိသူတွေနဲ့ ဒီကနေ့ နေပြည်တော်မှာတွေ့ ဆုံစဉ်အခုလိုပြောဆိုသွားတာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို ပြန်လာခွင့်ပြုလိုက်ပြီး ပြစ်ဒဏ်ရှိသူတွေကို လျှော့ပေါ့ဖို့ စဉ်းစားပေးမယ်လို့ ပြောဆိုသွားတာပါ။ မြန်မာနိုင်ငံ ဒီမိုကရေစီအင်အားစု (FDB) ရဲ့အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်ကတော့ ပြည်ပရောက်အတိုက်အခံလှုပ်ရှားသူတွေ မြန်မာပြည် ပြန်နိုင်ဖို့ဆိုရင် လွတ်လပ်တဲ့နိုင်ငံရေးနောက်ခံ၊ နိုင်ငံရေးအခင်းအကျင်းရှိဖို့လိုမယ်လို့ပြောပါတယ်။

"အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မိသားစုတွေအားလုံး အတူတူလုပ်ကြရေးဆိုတဲ့ အနှစ်သာရ တကယ်များရှိတယ်ဆိုရင်တော့ ဒါကကြိုဆိုရမယ့်ကိစ္စ၊ ကြိုဆိုသင့်တဲ့ကိစ္စဖြစ်ပါတယ်။ တဘက်မှာလည်း အဲဒီလိုစိတ်မျိုးရှိတယ်ဆိုတာကို သေသေချာချာ ထင်ထင်ရှားရှားပြဖို့လိုတာပေါ့။

"ဥပမာ ဒီလိုမိန့်ခွန်းမျိုးမှာတင် ပြောတာမဟုတ်ဘဲနဲ့ အမိန့်ဒီကရီလိုဟာမျိုးနဲ့ ထုတ်ပြန်ပေးသင့်တယ်လို့ ထင်ပါတယ်။ ဆိုလိုတာက ဒီလိုလူမျိုးတွေပြန်လာသင့်တယ်၊ ဘာညာဆိုတာ သေသေချာချာအမိန့်ဒီဂရီလိုဟာမျိုးပေါ့၊ အဲဒီလိုမျိုး ထုတ်ပြန်ပြီး ပြောတယ်ဆိုရင်တော့ ပိုပြီးတော့ အချက်အလက်တိတိကျကျ ကျနော်တို့ သိနိုင်တာပေါ့။"

အခုလို ပြန်လာခွင့်ပြုမယ် ဆိုတဲ့သဘောကြောင့် ပြည်ပရောက် အတိုက်အခံအဖွဲ့အစည်းတွေ ကြားထဲမှာရော တစုံတရာ ရိုက်ခတ်မှု ရှိနိုင်လား။

"ကျနော်တို့စပြီး ထွက်လာကတည်းက မြန်မာပြည် ဒီမိုကရေစီရေးရဖို့၊ လူ့အခွင့်အရေးရဖို့၊ နိုင်ငံရေးတွေ လွတ်လွတ်လပ် လပ်လှုပ်ရှားခွင့်မရှိလို့၊ လှုပ်ရှားမှုတွေကို ဖိနှိပ်လို့ဆိုပြီး ကျနော်တို့ ထွက်လာခဲ့ကြတာကိုး။ ဆိုတော့ ကျနော်တို့က စီးပွားရေးအရ လုပ်ကိုင်ရှာဖွေ စားသောက်ဖို့မှ မဟုတ်တာ။ အဲဒီတော့ ကျနော်တို့ ပြန်မယ်ဆိုရင်လည်း ကျနော်တို့လိုချင်တဲ့ အခွင့်အရေးတွေ ရမရဆိုတဲ့အပေါ်မှာ အဓိကမူတည်တာပေါ့"။

"ကျနော်တို့ နိုင်ငံရေး လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့် ရှိမလား၊ လွတ်လွတ်လပ်လပ် ပြောဆိုခွင့်ရှိမလား၊ ကျနော်တို့အပေါ်မှာ ဖိနှိပ်ထုတ်ပြန်ထားတဲ့ ဥပဒေတွေ၊ ၅(ည) လို ဥပဒေမျိုးတွေ၊ ပယ်ဖျက်ပေးတာမျိုးတွေ ရှိမလား။ အဲဒီလိုမျိုးတွေရှိမယ်ဆိုရင်တော့၊ ကျနော်တို့နိုင်ငံရေးလုပ်ချင်လို့ ဒီဟာတွေပြောနေတာ၊ ဒီမိုကရေစီ လိုချင်လို့ပြောနေတာပဲ။ အဲဒီလို အခွင့်အရေးတွေ ရှိတယ်ဆိုရင်တော့ ကျနော်တို့ပြန်ပြီးလုပ်ရမယ်။ ကျနော်တို့ ဒီအလုပ် လုပ်နေတာလည်း ကျနော်တို့တိုင်းပြည်ကို ကောင်းစေချင်လို့၊ နောက် ကျနော်တို့လည်းတိုင်းပြည်ကို အဲဒီလို အခြေအနေမျိုးနဲ့ ပြန်စေချင်လို့ပဲ လုပ်နေတာပေါ့။

"ဆိုတော့ အဲဒီဟာမျိုးတွေ ရှင်းရှင်းလင်းလင်းဖြစ်တယ်ဆိုရင်တော့ သဘောထားကွဲစရာ မရှိပါဘူး။ နိုင်ငံရေးအတွက်၊ တိုင်းပြည်အတွက် လုပ်ဖို့ထွက်လာတဲ့လူတွေ တိုင်းပြည်မှာ ဒါမျိုးပြန်လုပ်ခွင့်ရပြီဆိုရင် ကျနော်တို့ဘာဖြစ်လို့ အပြင်မှာ လုပ်နေမလဲ။"

AAPP နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်ကတော့ အသွင်ကူးပြောင်းရေးကာလမှာ အထိန်းသိမ်းခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို အရင်ဆုံးပြန်လွှတ်ပေးသင့်တယ်လို့ယူဆပါတယ်။ တဘက်မှာလည်းလက်ရှိအစိုးရအပေါ်မှာ အများပြည်သူက နိုင်ငံရေးအရအယုံအကြည်ရှိလာအောင် လက်တွေ့ဆောင်ရွက်ပြမှုမျိုးတွေ လုပ်ဖို့ လိုအပ်သေးတယ်လို့ ပြောပါတယ်။

"ပြည်ပရောက်နေတဲ့သူတွေ ပြန်လာဖို့ ပြောတာထက်စာရင် ပြည်တွင်းမှာရှိနေတဲ့ ဥပမာ နိုင်ငံရေးအကျဉ်းသားတွေကို အရင်လွှတ်ပေးတာ ပိုပြီးတော့ လက်တွေ့ကျတယ်၊ ပိုသဘာဝကျတယ်လို့ထင်ပါတယ်။ ဒီလူတွေရဲ့ကိစ္စကို မဖြေရှင်းဘဲနဲ့ တခြားကိစ္စတွေ လိုက်ဖြေရှင်းနေတာက သိပ်သဘာဝမကျပါဘူး။ အသွင်ကူး ပြောင်းရေးကာလတခုမှာ နိုင်ငံရေးအကျဉ်းသားတွေ အရင်ဆုံးလွှတ်ဖို့ဆိုတာ အရေးကြီးပါတယ်။ ဒါကို အရင်လုပ်ဖို့ လိုအပ်ပါတယ်။ နောက်တခုက ကျနော်တို့အခုရှိနေတဲ့ ဦးသိန်းစိန်အစိုးရကို ဘယ်လောက်ယုံကြည်ရမလဲဆိုတာက စောင့်ကြည့်ရဦးမှာပါ။"

တကယ်တော့ ဖမ်းဆီးခံရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးပြန်လွှတ်ပေးဖို့နဲ့ ပြည်ပမှာရောက်ရှိနေတဲ့ အတိုက်အခံလှုပ်ရှားသူတွေ မြန်မာနိုင်ငံတွင်းကို ပြန်လာခွင့်ရဖို့ နိုင်ငံရေးပါတီကြီးအချို့က အစိုးရကို လွှတ်တော်တွင်းမှာရော လွှတ်တော်ပမှာပါ တောင်းဆိုခဲ့ဖူးပါတယ်။ ဒီအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သဘော ထုတ်ပေးရမှာဖြစ်ပါတယ်။ ဒါကိုလည်း ဖွဲ့စည်းပုံအရဆိုရင် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်နဲ့သမ္မတက အတည်ပြုထုတ်ပြန်ရမှာဖြစ်ပါတယ်။

အခု ပြည်ပရောက်တွေ ပြန်လာခွင့်ပြုတယ်ဆိုတဲ့ သဘောဟာ Amnesty သဘော သက်ရောက်နိုင်မှု ရှိမရှိဆိုတာတော့ နောက်ပိုင်း အသေးစိတ်ထုတ်ပြန်မယ်ဆိုတဲ့အခြေအနေကိုပဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# ကုလစုံစမ်းရေး ကော်မရှင်ဖြစ်ပေါ်ရေး ဥရောပရောက် မြန်မာများထောက်ခံ

**RFA ၊ ဩဂုတ်လ ၁၅ ။** ။ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လူသားထု တရပ်လုံးအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင် UN Commission of Inquiry အဖွဲ့ဖွဲ့စည်း စစ်ဆေးနိုင်ရေးကို Forum of Burmese in Europe ခေါ် ဥရောပရောက် မြန်မာများအဖွဲ့ က ထောက်ခံလိုက်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၉ ရက်နဲ့ ၃၀ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့မှာ FBE အဖွဲ့ က ဆွေးနွေးပွဲပြုလုပ်ပြီး ကုလသမဂ္ဂက စုံစမ်းရေးကော်မရှင်အဖွဲ့ စေလွှတ်ရေးကိစ္စအပေါ် ထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်လိုက်တဲ့အကြောင်း ဆွေးနွေးပွဲမှာတက်ရောက်တဲ့ ဂျာမနီနိုင်ငံက ကိုယ်စားလှယ် ဦးနွယ်အောင်က ပြောပါတယ်။

"မြန်မာနိုင်ငံမှာ၏ စစ်အာဏာရှင်တွေ လက်ထက်က စပြီးတော့ ယနေ့တိုင်လူ့အခွင့်အရေးတွေ ချိုးဖေါက်နေတာတွေ လူသားတွေ အပေါ် ညှဉ်းပမ်းနှိပ်စက်တဲ့ကိစ္စတွေ ရှိနေခဲ့တဲ့အတွက် ကုလသမဂ္ဂကနေ စုံစမ်းရေးကော်မရှင်လွှတ်ဖို့လိုနေတယ်ဆိုတာကို ကျနော်တို့ သေသေချာချာဆွေးနွေးခဲ့တယ်။ ဒီဆွေးနွေးချက်တွေအပေါ်မူ တည်ပြီး အခု စက်တင်ဘာလမှာလုပ်မဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံကို COI လို့ ခေါ်တဲ့ စုံစမ်းစစ်ဆေးရေး ကော်မရှင်လွှတ်ဖို့ ဥရောပသမဂ္ဂအနေနဲ့ resolution ထဲမှာ ထဲ့ဖို့ ကျနော်တို့ တောင်းဆိုတာဖြစ်ပါတယ်။"

အဲဒီကြေငြာချက်မှာ မြန်မာနိုင်ငံမှာ လူသားများအပေါ် ကျူးလွန် နေတဲ့ ရာဇဝတ်မှုနဲ့စစ်ရာဇဝတ်မှုတွေကို စုံစမ်းဖို့COI ခေါ် စုံစမ်းရေးကော်မရှင်အဖွဲ့စေလွှတ်ရေးကိစ္စကိုလာမဲ့ စက်တင်ဘာလအတွင်း ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ထည့်သွင်း မူကြမ်းရေးဆွဲဖို့ ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးတွေကို FBE အဖွဲ့ က တောင်းဆိုကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း ကုလသမဂ္ဂရဲ့ မူဝါဒ အခန်းကဏ္ဍ ၆ အရ R2P ခေါ် လူသားချင်းစာနာမှုအရကာကွယ် စောင့်ရှောက်ပိုင်ခွင့်အတွက် စုံစမ်းစစ်ဆေးရေးအချက်အလက် စုဆောင်းရှာဖွေရေးစတဲ့လုပ်ပိုင်ခွင့်တွေရှိတယ်လို့ ထောက်ပြ ပြောဆိုခဲ့ကြောင်း ဖေါ်ပြထားပါတယ်။

မြန်မာနိုင်ငံသားတွေခံစားနေရတဲ့ မတရားမှုတွေကို ဖေါ်ထုတ်ရေး ကုလသမဂ္ဂအထွေထွေညီလာခံကနေ စုံစမ်းရေးကော်မရှင်လွှတ်ရေး ဆုံးဖြတ်ချဖို့ မူဝါဒပိုင်းရော လက်တွေ့ပိုင်းမှာပါ ဥရောပသမဂ္ဂအနေနဲ့ဦးဆောင် ပါဝင် သင့်ပါတယ်လို့ ဦးနွယ်အောင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖေါက်ခံနေရတာတွေအမြန်ဆုံးရပ်တန့်ပြီး ပြည်သူလူထုအတွက် တရားမျှတမှုရဖို့ ကုလသမဂ္ဂအနေနဲ့အပြောမဟုတ်ပဲ တကယ်လက်တွေ့လုပ်ဆောင်ချက်တွေထွက်ပေါ်လာမှာသာ ကုလသမဂ္ဂအဖွဲ့ရဲ့ဂုဏ်သိက္ခာကို ထိမ်းသိမ်း နိုင်မယ်လို့ ယုံကြည်ပါကြောင်း အဲဒီ ကြေငြာချက်မှာ ဖေါ်ပြထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် အလုပ်ရုံဆွေးနွေးပွဲသို့ ထွက်ခွာ

**MIZZIMA ၊ ဩဂုတ် ၁၉ ။** ။ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်တွင်ပြုလုပ်မည့် နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် နေအိမ်မှသောကြာနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားပြီဖြစ်သည်။

အစိုးရအစီအစဉ်ဖြင့် သွားရောက်သော ခရီးစဉ်အရ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်မှ ထွက်ခွာသွားခြင်းဖြစ်သည်။ သတင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင်းနိုင်ထွန်းပါဝင်သော အစိုးရဘက်မှအရာရှိများကားဖြင့် လာရောက်ခေါ်ဆောင်သွားခြင်းဖြစ်သည်ဟုလည်း မျက်မြင်သက်သေများကပြောသည်။

လူထုခေါင်းဆောင်၏ ယခုခရီးစဉ်သည် နေပြည်တော်သို့ ပထမဆုံးအကြိမ်ခရီးစဉ်နှင့် နိုဝင်ဘာလအတွင်း နေအိမ်အချုပ်မှ လွတ်မြောက်လာပြီးနောက် ပထမဆုံး အစိုးရအဆင့်မြင့်အခမ်းအနားသို့ တက်ရောက်ခြင်းလည်းဖြစ်သည်။ ခရီးစဉ်အတွင်း ယခင်စစ်အစိုးရတွင် ဝန်ကြီးချုပ်ဖြစ်ခဲ့သူ သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံကြမည်လည်း ဖြစ်သည်။

ယခု သတင်းပေးပို့ချိန်အထိတော့ အခမ်းအနားသို့ သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရောက်ရှိမလာသေးကြောင်း အခမ်းအနားရှိနေသူတဦးကပြောသည်။

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သဖြင့် အစိုးရက NLD ကို ဖျက်သိမ်းထားချိန်တွင် လေ့လာသူအဖြစ်သာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ရမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲသို့ အစိုးရအရာရှိများ နိုင်ငံရေးပါတီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်မှာဖြစ်သည်။

မြန်မာနေရှင်နယ်ကွန်ဗင်းရှင်း အလုပ်ရုံဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများဖြင့် နေပြည်တော်ရှိ ဝန်ထမ်းအချို့ ကြာသပတေးနေ့ညက အချိန်ပိုဖြင့် အလုပ်ရှုပ်နေခဲ့ကြရသည်။ သို့သော်လည်း မဇ္ဈိမက ဆက်သွယ်မေးမြန်းခွင့်ရသော ဝန်ထမ်းများအားလုံးက ဒေါ်အောင်ဆန်းစုကြည်ကို တွေ့မြင်လိုပြီး နှုတ်ဆက်လိုကြသည်ဟုဆိုသည်။

မကြာသေးခင်က ဒေါ်အောင်ဆန်းစုကြည်သည် လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်နှင့် နှစ်ကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ပြီး နှစ်ဘက်စလုံးက "အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်" ဟုကြေညာခဲ့သည်။

လအနည်းငယ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရ၏ ဆက်ဆံရေးမှာ အပေါင်းလက္ခဏာဘက် ရောက်ရှိလာခဲ့သည်။

ထိန်းသိမ်းခံဘဝမှလွတ်မြောက်အပြီး ရှေးမြို့ဟောင်း ပုဂံသို့ သွားရောက်ခဲ့သလို သူ့ကို "အောင်ဆန်းဂျာမွန်း" ဟု ဂုဏ်ပြုမှည့်ခေါ်ထားသော စာကြည့်တိုက်နှစ်ခု ဖွင့်ပွဲအတွက်လည်း ပဲခူးသို့ သွားရောက်နိုင်ခဲ့သည်။

# သမ္မတဦးသိန်းစိန်ရဲ့ ငြိမ်းချမ်းရေးအစီအစဉ် တိုင်းရင်းသားတွေ လက်မခံ

**RFA ၊ ဩဂုတ်လ ၁၈ ။** ။ သမ္မတဦးသိန်းစိန်ရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဖို့ ဗဟိုအစိုးရရဲ့ ညွှန်ကြားချက်ကို ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ် ကောင်စီ UNFC က လက်မခံ ပယ်ချလိုက်ပါတယ်။

တိုင်းရင်းသားအဖွဲ့တွေအနေနဲ့ အကြမ်းဖက် လုပ်ရပ်တွေရပ်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဗဟိုအစိုးရက ညွှန်ကြားထားပြီးဖြစ်သလို၊ ဗဟိုအစိုးရက အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးမယ်လို့ မနေ့က နေပြည်တော်မှာ ကျင်းပတဲ့စီးပွါးရေး၊ လူမှုရေးနယ်ပယ်တွေက ပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံပွဲမှာ သမ္မတဦးသိန်းစိန်က ပြောလိုက်တာပါ။

ဒီကိစ္စနဲ့ ပတ်သက်လို့ UNFC အတွင်းရေးမှူး နိုင်ဟံသာက သူတို့အဖွဲ့တွေ အနေနဲ့ တပေါင်းတစည်းတည်း တွေ့ဆုံ ဆွေးနွေးမှုပဲ လိုလားကြောင်း RFA ကို အခုလိုပြောပါတယ်။

"လက်နက်ကိုင်တော်လှန်ရေးက တပြည်လုံးအနှံ့ ဖြစ်နေတယ်။ အဲဒီအပေါ်မှာ ပြည်ထောင်စုအစိုးရအနေနဲ့ တိကျတဲ့မူတခုခုရှိဖို့လိုတယ်။ ဟိုမှာတမျိုး ဆွေးနွေးပြီးတော့ ဒီမှာတမျိုးဆွေးနွေးတာမျိုးမဖြစ်စေချင်ဘူး။ မဟုတ်ရင်တော့ ကျနော်တို့ကို ခွဲခြားပြီးတော့ တိုက်တဲ့နည်းတနည်းဘဲဖြစ်မယ်ဆိုတာကို ကျနော်တို့က သံသယတော့ရှိနေတယ်ဗျ။ တဖက်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောထားတယ်လေ၊ သူ့ရဲ့ အိတ်ဖွင့်ပေးစာမှာ။ ကျနော်တို့ သဘောထားကလည်း ကြိုဆိုတယ်။ ထောက်ခံတယ်။ သူတို့အနေနဲ့က သူတို့ အထက်စီးကရထားတဲ့ အခြေခံဥပဒေနဲ့ ဘောင်ခတ်ပြီးတော့မှ နိုင်ငံရေးပြဿနာကို ဖြေရှင်းတယ်ဆိုတဲ့ဟာကတော့ တဖက်သတ် အပေါ်စီးယူတဲ့ သဘောဖြစ်တယ်။ အဲဒီလို ပုံစံမျိုးမဖြစ်စေချင်ဘူး။"

ဒါ့အပြင် သက်ဆိုင်ရာ ပြည်နယ်အစိုးရတွေနဲ့ပဲ ဆွေးနွေးရမယ်ဆိုရင် ပြည်နယ်အစိုးရတွေမှာ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝမတွေ့ရဘူးလို့ နိုင်ဟံသာက ပြောပါတယ်။

စစ်အစိုးရလက်ထက်က အပစ်ရပ်ခဲ့တဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၈ ဖွဲ့စည်းပုံကိုအတည်ပြုပြီးတဲ့ နောက်မှာ စစ်အစိုးရက သူတို့ကို နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းဖို့နဲ့ တချို့အဖွဲ့တွေကို လက်နက်အပ်ဖို့ စီစဉ်ညွှန်ကြားလာတဲ့အတွက် အဲဒီအဖွဲ့တွေက လက်မခံကြပဲ အပစ်ရပ်အခြေအနေတွေပျက်ပျယ်ခဲ့ကြတာပါ။ အဲဒီအဖွဲ့တွေထဲမှာ မွန်ပြည်သစ်ပါတီ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO၊ ဝပြည် သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ UWSA ၊ ရှမ်းပြည် တပ်မတော် SSA (N)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အဖွဲ့ DKBA တို့လည်း ပါဝင်ပါတယ်။

# ယာယီကင်းလွတ်ခွင့် အကျိုးရှိမရှိ

**RFA ၊ ဩဂုတ်လ ၁၆ ။** ။ ပြည်ပပို့ကုန် အမျိုးအစား ၇ မျိုးအတွက် ကုန်သွယ်ခွန်ကို ၆ လ ကင်းလွတ်ခွင့် ပေးမှာဖြစ်ကြောင်း ဒီကနေ့ ထုတ် သတင်းစာတွေမှာ ဖော်ပြခဲ့ပေမယ့် ဒေါ်လာငွေတန်ဖိုးဆက်လက်ကျဆင်းနေတာကြောင့် သိသိသာသာ အကျိုးခံစားနိုင်မှာမဟုတ်ဘူးလို့ ပို့ကုန် လုပ်ငန်းရှင်တွေက ပြောပါတယ်။

ဒါ့ပြင် အခွန်လျှော့ပေးရာမှာ CMP စနစ်နဲ့ လည်ပတ်နေတဲ့ အထည်ချုပ်လို လုပ်ငန်းတွေနဲ့ သစ်တောထွက်ပစ္စည်းတွေလို တခြားတန်ဖိုးမြင့် ထုတ်ကုန်တွေမပါဝင်တာကြောင့် အဲဒီလုပ်ငန်းတွေအနေနဲ့ဆက်လက်ပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်နေရဦးမယ်လို့ လုပ်ငန်းရှင်တွေက ပြောပါတယ်။

ပတ်ဝန်းကျင် အာဆီယံနိုင်ငံတွေမှာပို့ကုန်တွေတိုးတက်အောင် အခွန်ကို သုညရာခိုင်နှုန်းအထိ လျှော့ပေးပြီး ပြင်ဆင်နေကြချိန်မှာ မြန်မာနိုင်ငံမှာတော့ ဒေါ်လာဈေးနှုန်းကျဆင်းမှုနဲ့ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်မှုဒဏ်တွေကြောင့် ပို့ကုန်လုပ်ငန်းတွေ ရပ်ဆိုင်းလုဖြစ်နေတဲ့အတွက် လာမယ့်၂၀၁၅ ခုနှစ် အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်ရေး သဘောတူညီချက်အစီအစဉ်မှာ ပါဝင်လာတဲ့အခါ မြန်မာနိုင်ငံအနေနဲ့ အရှုံးနဲ့ ရင်ဆိုင်ရဖို့ရှိတယ်လို့ လေ့လာ သူတွေက ပြောပါတယ်။

ရန်ကုန်မြို့က စီးပွားရေးပညာရှင်ဦးခင်မောင်ညို ( ဘောဂဗေဒ) ကတော့ ပို့ကုန်မြင့်တက်လာအောင် ပို့ကုန်ရငွေအပေါ် အခွန်စည်းကြပ်မှုကို ၁၀ ရာခိုင်နှုန်းကနေ အခု ၈ ရာခိုင်နှုန်းအထိ အဆင့်ဆင့်လျှော့ပေးလာခဲ့ပြီဖြစ်တဲ့အတွက် ကျန်တဲ့ ၂ ရာခိုင်နှုန်းကိုပါ ထပ်မံလျှော့ပေးဖို့ အစိုးရအနေနဲ့ ခက်ခဲလိမ့်မယ်မထင်ကြောင်း၊ မြန်မာနိုင်ငံက ပို့ကုန် ၅ မျိုးဟာ အာဆီယံက သတ်မှတ်ထားတဲ့ ထိပ်တန်းပို့ကုန်ပစ္စည်း ၅ မျိုးထဲမှာ စာရင်းဝင်နေတဲ့အတွက်၂၀၁၅ မှာ ယှဉ်ပြိုင်ဖို့ အခက်အခဲရှိလိမ့်မယ် မထင်ကြောင်း ပြောပါတယ်။

# အစိုးရသစ်ကို အမေရိကန်စောင့်ကြည့်

**RFA ၊ ဩဂုတ် ၁၅ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာအစိုးရသစ်ကို ထင်သာမြင်သာရှိရှိ တိုးတက်အောင်လုပ်ဖို့ ပြောနေတဲ့မူဝါဒရှိပါတယ်။ ဒါကို ကျနော်တို့ စောင့်ကြည့်နေပါတယ်လို့ အမေရိကန်အထက်လွှတ်တော်အမတ် Mr. Jim Webb က ဩဂုတ်လ ၁၅ ရက်နေ့ကပြောသွားပါတယ်။

အာရှဒေသခရီးလှည့်လည်ချိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဝန်ကြီးချုပ်ရုံးစိုက်ရာ အစိုးရအိမ်တော်မှာ ဒီနေ့ မွန်းလွဲပိုင်းမှာလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာကော်မတီ ဥက္ကဌက အဲဒီလိုပြောသွားတာပါ။

Mr. Jim Webb ဟာ ထိုင်းဝန်ကြီးချုပ်သစ် Yingluck Shinawatra နဲ့ ဒီနေ့တွေ့ဆုံပြီး မနက်ဖြန်မှာ ဝန်ကြီးချုပ်ဟောင်း အဘီဆစ်နဲ့တွေ့ဆုံမယ်လို့ပြောပါတယ်။ ဒီနေ့အရေးအကြီးဆုံး ပြောချင်တဲ့ အချက်ကတော့ ဒီနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့တာ ကျွန်တော်ဝမ်းမြောက်ရပါတယ်။ ဒါဟာ အရှေ့တောင်အာရှက ကျန်တဲ့နေရာတွေအတွက် ဒီမိုကရေစီရေး နမူနာကောင်းဖြစ်ပါတယ်။

ဗန်ကောက်မြို့မှာ မနှစ်က ဆူပူမှုတွေ ဖြစ်ပွားပြီးပြီးချင်း ဒီကို ကျနော်ရောက်ခဲ့ပြီး ဒီမှာ ဖြစ်ပျက်တာတွေမြင်တွေ့ရတာ အင်မတန်မှ စိတ်ဆင်းရဲရပါတယ်။ အခုတော့ ထိုင်းနိုင်ငံမှာ ဖြစ်နေရမယ့် ဒီမိုကရေစီလမ်းကြောင်းဘက် ပြန်ရောက်လာပြီလို့ ထင်ပါတယ်လို့ ပြောသွား

**စာမျက်နှာ ၁၉ သို့**

# ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

ခင်မမမျိုး

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ၊ အထူးသဖြင့် အာရှနိုင်ငံတွေနဲ့ အာဖရိကနိုင်ငံတွေမှာ ကျေးလက်ဒေသ ဆင်းရဲနွမ်းမှုရာခိုင်နှုန်းအတော်များများပါတယ်။ အာရှဒေသ ဆင်းရဲနွမ်းပါးသူတွေရဲ့ ၉၀ ရာခိုင်နှုန်းက ကျေးလက်ဒေသမှာရှိပြီး၊ အာဖရိကဒေသဆင်းရဲနွမ်းပါသူတွေရဲ့ ၆၅ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းအထိရှိကြောင်း ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းတွေမှာတွေ့ရှိရပါတယ်။ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုမြင့်တက်လာတာနဲ့ အမျှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်အခြေချမှုတွေများပြားလာတဲ့အတွက် မြို့ပြဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမြင့်မားလာစေနိုင်တဲ့ အချက်တချက်ဖြစ်ကြောင်း ပညာရှင်တွေက သုံးသပ်ပြောဆိုထားကြပါတယ်။ ကျေးလက်ဒေသအခြေခံအဆောက်အအုံကို လျစ်လျူရှုထားခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအသုံးစရိတ်ရာခိုင်နှုန်း နည်းပါးခြင်း၊လယ်ယာမြေများကို အတင်းအဓမ္မသိမ်းယူခြင်းစတဲ့ အုပ်ချုပ်ရေးယန္တရားလစ်ဟာ ချက်တွေကြောင့် ကျေးလက်ဆင်းရဲနွမ်းပါးမှုတွေ မြင့်တက်လာပြီး၊ မြို့ပြဆင်းရဲနွမ်းပါးမှုတွေပါ ထပ်ဆင့် မြင့်တက်လာတတ်ပါတယ်။

ကျေးလက်ဆင်းရဲနွမ်းပါးမှုဆိုရာဝယ်

ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့ ဆင်းရဲနွမ်းပါးသူတွေရဲ့ ဝင်ငွေ၊ အလုပ်အကိုင်၊ အသုံးစရိတ်တွေအားလုံးဟာစိုက်ပျိုးမွေးမြူရေး၊ တံငါနဲ့ ကျေးလက်အခြေပြု စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုစတာတွေအပေါ်မှာတည်မှီနေပြီး၊ အများစုကတော့ စိုက်ပျိုးရေးကဏ္ဍမှာဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရေးကဏ္ဍမှာ တည်မှီနေတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍရဲ့ ကြိုတင်မမြင်နိုင်သော အခက်အခဲတွေဖြစ်တဲ့ ရာသီဥတုဖောက်ပြန်မှု၊ မိုးခေါင်ရေရှားမှု၊ လေမုန်တိုင်းကျမှု၊ ရေကြီးမှု စတာတွေ ဖြစ်ပွားပြီး၊ လယ်ယာမြေတွေ ပျက်စီးသွားတဲ့ အခြေအနေတွေဖြစ်ပွားလာတဲ့အခါ ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးကို ထိခိုက်လာတတ်ပါတယ်။

ကျေးလက်ဒေသရဲ့ သွင်ပြင်လက္ခဏာတရပ်က လူဦးရေထူထပ်မှု (population density) လျော့နည်းခြင်းဖြစ်ပါတယ်။ ဒီလိုလျော့နည်းမှုတွေဟာ အခြေခံအဆောက်အအုံ (basic infrastructure)၊ ဝန်ဆောင်မှုအားနည်းချက် စတာတွေနဲ့ တိုက်ရိုက် ဆက်စပ်မှုရှိတာကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတွေအတွက်အရံအတားဖြစ်လာစေပါတယ်။ ကျေးလက်ဒေသထုတ်ကုန်တွေကို မြို့ပြကိုတင်ပို့တဲ့အခါ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် ကြီးမားတာကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု (market competitiv eness) ကျဆင်းလာပါတယ်။ ဒါကြောင့် ကျေးလက်နေ ပြည်သူတွေရဲ့ assets accumulation နဲ့ income volatility management ကို ထိခိုက်စေပါတယ်။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုမှာ ဆင်းရဲနွမ်းပါးမှုသဏ္ဍာန်တွေကလဲ ကွဲပြားခြားနားမှုတွေရှိပါတယ်။ မြို့ကြီးများနဲ့ နီးစပ်တဲ့ကျေးလက်ဒေသ (Peri-urban areas) တွေမှာဈေးကွက်များသို့ ဝင်ရောက်နိုင်မှု အခွင့်အလမ်း များပြားခြင်း၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများရှိခြင်းစတာတွေကြောင့်၊ ဝေးလံခေါင်ဖျား ကျေးလက်ဒေသတွေမှာ ဖြစ်ပွားတတ်တဲ့ ဆင်းရဲနွမ်းပါးမှုသဏ္ဍာန်တွေနဲ့ ကွဲပြားခြားနားပါတယ်။ စစ်မက်ဖြစ်ပွားရာဒေသမှာ နေထိုင်ကြတဲ့ ကျေးလက်ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကလဲ အခြားဒေသတွေထက် ပိုပြီးဆိုးရွားမှု ရှိနိုင်ပါတယ်။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေတဲ့အရာတွေကတော့ ဓနရှင်မြေပိုင်ရှင်တွေရဲ့ ခေါင်းပုံဖြတ်မှု၊ အစိုးရရဲ့ လယ်ယာမြေမူဝါဒဆိုင်ရာ အားနည်းချက်များ၊ လယ်ခွန်၊ ယာခွန်ကောက်ခံမှုများ၊ လယ်ယာမြေများကို မတရားရားသိမ်းယူမှု၊ လယ်ယာထုတ်ကုန်များကို လက်ဝါးကြီးအုပ်မှု စတာတွေဖြစ်ပါတယ်။ အာရှနိုင်ငံတွေမှာ ဖြစ်ပွားလေ့ရှိတဲ့ rural dualism ပြဿနာကြောင့် ကျေးလက်နေပြည်သူအများအပြား အတိဒုက္ခရောက်ခဲ့ကြရပါတယ်။ ကျေးလက်ဒေသတွေမှာ လယ်သမား၊ ယာသမားတွေနဲ့ subsistence farming system အပြင် မြေပိုင်ရှင်ကြီးတွေနဲ့ commercial production system တွေကပါ အတူတကွ ယှဉ်တွဲတည်ရှိနေပါတယ်။

အကျိုးဆက်ကတော့ ဆင်းရဲနွမ်းပါးတဲ့ လယ်သမား၊ ယာသမားတွေဟာ အရင်းရှင်၊ မြေရှင်တွေ၊ ငွေတိုး ချေးစားသူတွေရဲ့ သွေးစုပ်ခြယ်လှယ် အနိုင်ကျင့်ဗိုလ်ကျမှုတွေကို ခါးစည်းခံရကြရတာပဲ ဖြစ်ပါတယ်။

ဒီလိုအခြေအနေဆိုးတွေကိုလာဘ်ပေးလာဘ်ယူမှုတွေနဲ့ပြည့်နက်နေတဲ့ဗျူရိုကရက်ယန္တရားက အားဖြည့်လိုက်တဲ့အခါကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူတွေဟာ ဆင်းရဲတွင်းထဲကနေရုန်းထွက်နိုင်ဖို့ ခဲယဉ်းလာကြရပါတော့တယ်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ဥပဒေဘက်တော်သားများက မြေရှင်၊ အရင်းရှင်များဘက်မှ ဘက်လိုက်ခြင်း၊ ဆင်းရဲနွမ်းပါးသူများရဲ့ အသံများကို အလေးမထားခြင်း၊ ပြည်ပပို့ကုန်များအား ဦးစားပေးစိုက်ပျိုးစေခြင်းစတာတွေဟာ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု သံသရာလည်နေစေတဲ့အကြောင်း တရားတွေပါပဲ။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများ

(၁) စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းအားဖြင့် စိုက်ပျိုးရေးမဟုတ်သော အခြားကဏ္ဍများရဲ့ တိုးတက်ရေးကို stimulate လုပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ agroindustries တွေကနေ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ အစားအစာဈေးနှုန်းများ ကျဆင်းစေခြင်း၊ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အခြေချနေထိုင်မှုနှုန်းကို လျှော့ချပေးခြင်း စတာတွေကြောင့် မြို့ပြဆင်းရဲနွမ်းပါးမှုကိုပါ လျှော့ချပေးနိုင်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကျေးလက်ဒေသ

စာမျက်နှာ ၁၈ သို့

# ပူးပေါင်းဆောင်ရွက်ရေးလက်တွေ့လုပ်ဆောင်ဖို့ ဒီမိုခေါင်းဆောင်များပြောဆို

**DVB | ဩဂုတ် ၁၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီး ဦးအောင်ကြည်တို့ ဒုတိယအကြိမ်တွေ့ဆုံမှုကနေ သဘောတူညီခဲ့ကြတဲ့ အပြုသဘော နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ လက်တွေ့ အကောင်အထည်ဖော်ဖို့လိုအပ်ကြောင်းဒီမိုကရက်တစ်အင်အားစုနိုင်ငံရေးပါတီခေါင်းဆောင်တွေက ပြောကြားလိုက်ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ရဲ့ ဒုတိယအကြိမ်တွေ့ဆုံမှုမှာ သဘောတူညီခဲ့ကြတဲ့ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနဲ့ နှစ်ဖက် လက်တွဲဆောင်ရွက်သွားဖို့အပါအဝင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆက်လက်တိုးတက်ထွန်းကားလာစေရေး၊ စီးပွားရေးနဲ့လူမှုရေးလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတွေအတွက်အပြုသဘောပူးပေါင်းဆောင်ရွက်သွားကြဖို့ စတဲ့ နှစ်ဖက်သဘောတူညီချက်တွေအပေါ် ၂၀၁၀ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီခေါင်းဆောင်တွေက လက်တွေ့အကောင်အထည်ဖော်ဖို့ တိုက်တွန်း ပြောကြားလိုက်ကြတာ ဖြစ်ပါတယ်။

အဲ့ဒီထဲက အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီခေါင်းဆောင်တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေက အခုလိုပြောပါတယ်။

"အစိုးရဘက်ကလည်းလိုက်လျောသင့်သလောက်လိုက်လျောမယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း ပူးပေါင်းဆောင်ရွက်ခြင်းမကတော့ဘူး။ ညှိနှိုင်းဆွေးနွေးတဲ့အဆင့်ကိုကျော်ပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ အဆင့်ကိုတောင် ပြောလိုက်ပြီဆိုတော့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မှာကို၊ တွေ့ဆုံညှိနှိုင်းတဲ့အဆင့် ကိုကျော်ပြီးတော့ပြောလိုက်တော့ မျှော်လင့်စရာတွေတော့ ပို ပိုလာတယ်။ ဒါပေမယ့် နှစ်ဖက်စလုံးက အပြည့်အဝ ပူးပေါင်း ဆောင်ရွက်မှုတွေကို လုပ်မယ်ဆိုရင် ပြည်သူတွေအတွက် ကောင်း ကျိုးချမ်းသာတွေက မလွှဲမသွေ ရောက်လာမှာပါ။ ပါးစပ်က ပြောနေရုံနဲ့မဟုတ်ဘဲနဲ့ လက်တွေ့ ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲ ဆိုတဲ့ လုပ်ငန်းသဘောဆောင်တဲ့အချက်တွေကို ကျနော်တို့မသိရသေးဘူး။"

ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ပဋိပက္ခအသွင်ဆောင်နေတဲ့ အမြင်သဘောထားတွေကို ရှောင်ရှားပြီး အပြန်အလှန် ကူညီသော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို ဦးတည်သွားဖို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ဆက်လက် လုပ်ဆောင်သွားဖို့ဆိုတဲ့ အချက်တွေကိုလည်း ဒုတိယအကြိမ် တွေ့ဆုံမှုမှာ သဘောတူညီခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံမှုအပြီးမှာ တိုင်းရင်းသားဒေသတွေက လက်နက်ကိုင် ပဋိပက္ခတွေနဲ့ပတ်သက်တဲ့ ငြိမ်းချမ်းရေးအိတ်ဖွင့်ပေးစာ အပါအဝင်ဧရာဝတီမြစ်ဆုံဆည် စီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့လည်း ပြန်လည်သုံးသပ်ဖို့ စတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စတင် ပြုလုပ်လာပါတယ်။

ဒီအပေါ်ကိုလည်း ဒီမိုကရက်တစ်ပါတီ-မြန်မာ ရဲ့ဥက္ကဋ္ဌ ဦးသုဝေက အခုလိုပြောပါတယ်။

"အစိုးရအနေနဲ့တော့ ဘာမှပြောတာမကြားသေးဘူး။ ဥပမာအားဖြင့် ငြိမ်းချမ်းရေးဆိုပါတော့၊ တနေ့က သတင်းစာရှင်းလင်းပွဲမှာဆိုရင် ငြိမ်းချမ်းရေးကို သူတို့လည်းလုပ်နေတယ်။ အားလုံးလည်း လုပ်ကြပါဆိုတာမျိုးကို ယေဘုယျပဲပြောသွားတာ။ အဲဒါကို သူတို့နှစ်ဦးဆွေးနွေးတဲ့အခါမှာ ဘယ်လောက်ပါသလဲတော့ မသိဘူး။"

အတိုက်အခံ နိုင်ငံရေးအင်အားစုတွေကတော့ ၂၀၀၂ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် ပြန်လည်လွတ်မြောက်ချိန်တွေကလို တွေ့ဆုံဆွေးနွေးမှုတွေကနေ နောက်ဆုံးမှာ ၂၀၀၃ ခုနှစ် ဒီပဲယင်းအကြမ်းဖက်မှုနဲ့ အဆုံးသတ်ခဲ့သလို ဖြစ်ရပ်မျိုးတွေ အစိုးရသစ်အနေနဲ့ နောက်ပိုင်းမှာ လုပ်ဆောင်လာမှာကို သံသယရှိနေကြပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်ပေမယ့်၊ ထိရောက်စွာ လျှော့ချပေးနိုင်ရေးအတွက် အခြေအနေအချို့ကို ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်မှုကို အာရုံစိုက်ခြင်းအားဖြင့် မြေယာဈေးကွက် (land markets) နဲ့ အရင်းအနှီးဈေးကွက် (Capital markets) တွေကို ထိခိုက်စေခြင်း မရှိရပါဘူး။ အရင်းအနှီးဈေးကွက်ကို ဖိနှိပ်မှုတွေလုပ်လာတဲ့အခါ ဈေးကွက်ကို ထိခိုက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေတတ်ပါတယ်။

ဈေးနှုန်း၊ အခွန်ကောက်ခံမှုနဲ့ ငွေလဲလှယ်နှုန်းဆိုင်ရာ မူဝါဒတွေကို စိုက်ပျိုးရေးကဏ္ဍတွေကို penalize လုပ်ခြင်း မရှိရပါဘူး။ ကျေးလက်ဒေသရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးဝန်ဆောင်မှုတွေကို တိုးမြှင့်ပေးဖို့နဲ့ ကျေးလက်ဒေသရဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တနိုင်ငံလုံးအနှံ့ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဆင်းရဲနွမ်းပါးသူတွေအတွက် safety nets တွေနဲ့ လူမှုထောက်ကူပြုအစီအစဉ်တွေကိုလဲ ဖန်တီးပေးရမှာဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒတွေ ချမှတ်ရာမှာ ဈေးကွက်နဲ့ အခြေခံအဆောက်အအုံဆိုင်ရာ အချက်အလက်တွေကို ပဏာမထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူတွေနဲ့သက်ဆိုင်တဲ့ ဈေးကွက်တွေမှာ ထုတ်ကုန် (products), inputs နဲ့ ဘဏ္ဍာရေးဆိုပြီး ဈေးကွက် (၃) မျိုးပါဝင်ပါတယ်။ အခြေခံအဆောက်အအုံဆိုရာမှာ စီးပွားရေးအဆောက်အအုံ (လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးရေး) နဲ့ လူမှုရေးအဆောက်အအုံ (ကျန်းမာရေး၊ ပညာရေး၊ ရေအလုံအလောက် ရရှိရေး) စတာတွေပါဝင်ပါတယ်။

ဒီအချက်အလက်တွေအပြင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူတွေကို မိမိပိုင်လယ်ယာမြေအနည်းငယ်ကို ထွန်ယက်စိုက်ပျိုးသူများ၊ အခြားသူများပိုင်ဆိုင်သော လယ်ယာမြေများကို ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးသူများ၊ farm sector နှင့် non-farm sectors များတွင် အလုပ်လုပ်ကိုင်နေရသော မြေယာမဲ့အလုပ်သမားများနဲ့ အမျိုးသမီးများစတဲ့ အုပ်စုကြီး လေးမျိုး ခွဲခြားပြီး၊ အုပ်စုတခုချင်းစီအလိုက် သင့်လျော်မယ့် မူဝါဒတွေကို ထည့်သွင်း စဉ်းစားရမှာဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ငြိမ်းချမ်းရေးဆွေးနွေးကြရန် ကမ်းလှမ်းချက် သမတဦးသိန်းစိန် ထုတ်ပြန်

**VOA ၊ ဩဂုတ်လ ၁၈ ။** ။ မြန်မာနိုင်ငံမှာ လက်နက်ကိုင် ပဋိပက္ခ ဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးချင်တယ်လို့ မြန်မာအစိုးရက တရားဝင် ကမ်းလှမ်းတာကို မြန်မာအစိုးရပိုင်သတင်းတွေမှာ ဒီကနေ့ညပဲ ကြေညာသွားပါတယ်။ တိုင်းရင်းသားတွေဘက်ကတော့ တဖွဲ့ချင်းတွေ့မယ့်အစား တိုင်းရင်းသားပြဿနာတွေကို အားလုံးစုစည်းဖြေရှင်းပေးဖို့လိုလားနေတာပါ။ ဒီအကြောင်း အပြည့်အစုံကို ကိုသားညွန့် ဦးကတင်ပြပေးထားပါတယ်။

မတူကွဲပြားမှုတွေကို ဘေးဖယ်ပြီး အခြေခံတူညီမှုတွေကို ရှာသွားမယ်လို့ သမ္မတဦးသိန်းစိန်ရဲ့ ပြန်လည်သင့်မြတ်ရေး မိန့်ခွန်းပြောဆိုပြီး တရက်မှာပဲ အခုလို အစိုးရသတင်းဌာနတွေကနေ တိုင်းရင်းသားလက်နက်ကိုင်တွေကို ငြိမ်းချမ်းရေးကမ်းလှမ်းချက် တရားဝင်ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ဒီကမ်းလှမ်းချက်ကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့အတွင်းရေးမှူးဦးတင်မျိုးကြည်ကလက်မှတ်ထိုးထားပါတယ်။

ငြိမ်းချမ်းရေးရယူလိုတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ တဖွဲ့ချင်းအလိုက် ပထမဆုံးအဆင့် အနေနဲ့ ဆိုင်ရာပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ ကြေညာထားပါတယ်။ဒီကတဆင့်မှအစိုးရဘက်ကဆွေးနွေးမယ့်ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းပြီး တိုင်းရင်းသားအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်မယ်ဆိုပြီး ထုတ်ပြန်ပါတယ်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌလည်းဖြစ်၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လည်းဖြစ်တဲ့ ဦးအေးမောင်ကတော့ တိုင်းရင်းသားအရေးကို အဓိက ဆုံးဖြတ်နိုင်သူတွေပါဝင်ပြီး တပြည်လုံးအတိုင်းအတာဆောင်တဲ့ ဆွေးနွေးမှုမျိုးကနေ ဖြေရှင်းသင့်တယ်လို့ မြင်ပါတယ်။

"ဒီဥစ္စာက သမ္မတကြီးရဲ့မိန့်ခွန်းအပေါ်မှာ ထပ်ဆင့်ပြီး ညွှန်ကြားတယ်လို့ပဲထင်တယ်။ ကျနော်တို့ကတော့ နေရာဒေသအကုန်လုံးပါဝင်တဲ့၊ တိုင်းရင်းသားအားလုံးတပြေးညီ ဆွေးနွေးပွဲလေးတခု လုပ်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ တိုင်းရင်းသား ဒေသတခုချင်းကတော့ လိုလားမှု တူချင်မှတူမယ်လေ။ ဒါပေမဲ့ ကျနော်ထင်တယ်၊ တိုင်းရင်းသားလက်နက်ကိုင် စတင်ပေါ်ပေါက်လာကတည်းက ဦးတည်ချက်များ တူကောင်းတူနိုင်ခဲ့မယ်။အဲဒီတော့ ဒီပြဿနာကြီးကို ဖြေရှင်းဖို့အတွက်၊ ဒါ ကျနော့်အမြင်ပြောပြတာပါ၊ ဆုံးဖြတ်ချက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်က ပါဝင်မှပဲ၊ သို့မဟုတ် ဆုံးဖြတ်ချက်ပေးနိုင်တဲ့ အဖွဲ့တခုက ဦးဆောင်နိုင်မှပဲ ဒီဥစ္စာက ရှေ့ကို တဆင့် လှမ်းနိုင်မယ်ထင်တယ်။

"အဲတော့ တိုင်းရင်းသား ဒေသတခုကိစ္စကို ဆွေးနွေးတဲ့အခါမှာ တိုင်းရင်းသားအကုန်လုံးပါဝင်တဲ့ Mission လိုဟာမျိုးပေါ့၊ ဆိုလိုတာက ဥပမာ မွန်နဲ့ ပတ်သက်တဲ့ဟာကို ရှမ်းလည်းပါမယ်၊ ကရင်လည်းပါမယ်၊ ကချင်လည်းပါမယ်၊ တိုင်းရင်းသားတွေလည်း ကိုယ်းစားနိုင်တဲ့ပုဂ္ဂိုလ်ပါမယ်၊ အဲဒါမျိုးတွေနဲ့ ဆွေးနွေးကြမယ်ဆိုရင် ဒါ တိုင်းရင်းသားတခုတည်း Issue မဟုတ်တော့ဘူးလေ၊ တိုင်းရင်းသား အကုန်လုံးနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရဲ့ ယူဆချက်လည်း ဖြစ်သွားမှာပေါ့။ ထိထိဝင်ဝင်လည်း ပိုရှိမယ်လို့ ထင်လို့ပါ။"

တိုင်းရင်းသား လက်နက်ကိုင်တွေကတော့ တဖွဲ့ချင်း အစိုးရနဲ့ ဆွေးနွေးတာထက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ စုဖွဲ့ထားတဲ့ မဟာမိတ်အဖွဲ့ကို ကိုယ်စားပြုပြီး ဗဟိုအစိုးရနဲ့ တိုက်ရိုက်ဆွေးနွေးလိုကြပါတယ်။ဒါ့အပြင်တိုင်းရင်းသားပြဿနာတွေကိုဖြေရှင်းတဲ့အခါ တနိုင်ငံလုံးပြဿနာကိုပါ စုပြီး ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ အစိုးရအကြား သုံးပွင့်ဆိုင်သဘော ဆွေးနွေးလိုတယ်လို့ ပြောကြပါတယ်။

KNU ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ဗိုလ်မှူးစောလှငွေကတော့ ဆွေးနွေးပွဲအတွက် ကန့်သတ်မှုတွေရှိလာရင် လက်ခံမှာ မဟုတ်ဘူးလို့ပြောပါတယ်။

"ကျနော်တို့ဘက်ကတော့ ဒီလိုမျိုး ဟိုအစိတ်အပိုင်း၊ ဒီအစိတ်အပိုင်း ခွဲပြီး ဆွေးနွေးတာမျိုးဆိုရင်တော့ မလုပ်ပါဘူး။ ဥပမာအားဖြင့် ကျနော်တို့ဆိုရင် UNFC တွေ ဘာတွေ ကျနော်တို့ ထူထောင်ထားတဲ့အဖွဲ့ရှိတယ်။ အဲဒါတွေ ကျနော်တို့ဆွေးနွေးမယ်။ ဆွေးနွေးတဲ့အခါ ကျနော်တို့ ဗဟိုအစိုးရကိုပဲ တိုက်ရိုက်ဆွေးနွေးမယ်။

"ဆွေးနွေးတဲ့နေရာမှာလည်း သူတို့ပြောဆိုနေတဲ့ ၂၀၀၈ ဖွဲ့စည်း ပုံအခြေခံဥပဒေအတွင်းကနေ စဉ်းစားပေးမယ် ဆိုတဲ့ဟာတွေ ကျနော်တို့ အဲဒါတွေ နားမလည်ပါဘူး။ ကျနော်တို့ကတော့ အဲဒါလည်း ကျနော်တို့ကို ဖြတ်ထားတဲ့ဟာ ဖြစ်တယ်လို့နားလည်ပြီး၊ ကျနော်တို့အကျိုးစီးပွားနဲ့မပတ်သက်ဘဲ၊ ကျနော်တို့ဆန္ဒနဲ့ မပတ်သက်ဘဲ ဖြစ်လာတဲ့ ဖွဲ့စည်းပုံဖြစ်တဲ့အတွက်ကြောင့် အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ အနေနဲ့ လက်ခံမှာမဟုတ်ပါဘူး။"

KNU အပါအဝင် မြန်မာတိုင်းရင်းသား လက်နက်ကိုင်အများစုဟာ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဆိုတာကိုဖွဲ့ပြီး အဲဒီကောင်စီနဲ့ မြန်မာအစိုးရအကြား တိုက်ရိုက်ဆွေးနွေးပြီး ငြိမ်းချမ်းရေးစကား ပြောဆိုလိုတယ်ဆိုပြီး KIA ကလည်းကမ်းလှမ်းထားတာပါ။ ဒီကောင်စီဟာ UWSA ဝပြည် သွေးစည်းရေးကလွဲပြီး ကျန်တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ စုစည်းထားတာ ဖြစ်ပါတယ်။

မြန်မာအစိုးရကမ်းလှမ်းချက်မှာတော့ တဖွဲ့ချင်း အနေနဲ့ ဆိုင်ရာ ပြည်နယ်အစိုးရကို ဆက်သွယ်ပါလို့ ပြောထားတော့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့လိုလားချက်နဲ့တော့ အနည်းငယ် ကွာဟနေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၆ မှ**

ပါတယ်။Mr. Jim Webb ဟာ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတွေကို ခရီးလှည့်လည်နေပါတယ်။

သူဟာ မြန်မာနိုင်ငံကို ၂၀၀၉ ခု ဩဂုတ်လက ရောက်လာခဲ့ပါတယ်။ ဒါဟာ ဆယ်နှစ်ကျော်အတွင်း မြန်မာနိုင်ငံကို ပထမဆုံးရောက်လာတဲ့ အမေရိကန်အဆင့်မြင့် တာဝန်ရှိသူတဦးရဲ့ခရီးစဉ် ဖြစ်ပြီး အဲဒီတုန်းက စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ရော နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတွေ့ဆုံခဲ့ပါတယ်။

# ပြည်တွင်းငြိမ်းချမ်းရေးတံခါး ဖွင့်ထားကြောင်း သမတဦးသိန်းစိန်ပြောကြား

**RFA ၊ ဩဂုတ်လ ၁၅ ။** ။ အမြင်မတူပေမယ့် တိုင်းပြည်တိုးတက်ရေးအတွက် လက်တွဲလုပ်ဆောင်ကြဖို့လိုကြောင်း၊ အစိုးရအနေနဲ့ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားကြောင်း ပြောကြားပြီး၊ ပြည်ပရောက်မြန်မာနိုင်ငံသားတွေ နိုင်ငံကို ပြန်လာနိုင်ကြောင်း သမ္မတဦးသိန်းစိန်က ဒီကနေ့ ဖိတ်ခေါ်လိုက်ပါတယ်။

နေပြည်တော်မှာ ဒီကနေ့ ကျင်းပတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လူမှုရေး အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပွဲမှာ သမ္မတဦးသိန်းစိန်က အခုလိုပြောကြားခဲ့တာဖြစ်ကြောင်း ဒီတွေ့ဆုံပွဲကို တက်ရောက်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင် ဇေကမ္ဘာဦးခင်ရွှေက RFA ကို ပြောပါတယ်။

"ပြည်ပမှာရောက်နေတဲ့ ပုဂ္ဂိုလ်တွေပေါ့ဗျာ။ ပြန်လာမယ်ဆိုရင်တော့ welcome လုပ်ပေးမယ်။ တော်ရုံ တန်ရုံ အပြစ်တွေလည်းခွင့်လွှတ်ပေးမယ်။ ကျနော်တို့ဆီက ဦးကျော်တွေ ယိုစီးကုန်တယ်ဗျာ။ ဖိတ်ခေါ်တယ်ဆိုကတည်းက နောက်ပိုင်းမှာ စီးပွါးရေးတွေမှာပါ ဖွံ့ဖြိုးအောင်လုပ်မယ်ဆိုတဲ့ သဘောမျိုး။"

အခုလို ပြည်ပနိုင်ငံအသီးအသီးကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို ပြန်လာဖို့ဖိတ်ခေါ်တာဟာ နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးတဲ့ကမ်းလှမ်းချက်ဖြစ်တာမို့ ကြိုဆိုကြောင်း အန်အယ်ဒီပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြောပါတယ်။

"နိုင်ငံခြားရောက်မြန်မာတွေ ပြန်လာရေးဆိုတဲ့ဟာ အလွန်ကောင်းတဲ့ အရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားရောက်မြန်မာတွေဟာ ပညာ ဗဟုသုတတွေရနေတယ်။ အတွေ့အကြုံတွေရနေတယ်။ ဒီလိုပုဂ္ဂိုလ်တွေဟာ ပြည်တွင်းကို ပြန်လာနိုင်မယ်ဆိုရင်ပေါ့ဗျာ။ အစိုးရက ပေးတဲ့ အခြေအနေဆိုတာ ဘယ်လိုအခြေအနေလဲဆိုတာ စောင့်ကြည့်ရမှာပေါ့။ အခြေအနေ ပေးတဲ့အတိုင်း ဘယ်လိုဘဲဖြစ်ဖြစ် ပြည်တွင်းကို ပြန်လာနိုင်မယ်ဆိုလို့ရှိရင် ပြည်တွင်းမှာ အများကြီး အားတက်စရာတွေ၊ သို့မဟုတ်ရင်လည်း အင်အား ပြည့်ဖြိုးစရာတွေ ဖြစ်မယ်လို့ ကျနော်ယုံကြည်တယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ကျနော် သဘောတူပါတယ်။"

ဒ့ါပြင် လယ်သမားတွေအတွက် ဈေးနှုန်းအာမခံပေးပြီး စပါးဝယ်ယူဖို့ အစီအစဉ်ရှိကြောင်းကိုလည်း ဦးသိန်းစိန်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒီတွေ့ဆုံပွဲကို စီးပွားရေးနဲ့ လူမှုရေး အဖွဲ့အစည်း အသီးသီးက လူပုဂ္ဂိုလ် ၄၀၀ ကျော် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**